# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၈ ရက်၊ ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၉၅)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မော်လ်ဒိုက်ဗ်နိုင်ငံ သမ္မတထံ ဝမ်းမြောက်သဝဏ်လွှာပို့

နေပြည်တော် ဇူလိုင် ၂၆

၂၀၁၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ ဒေါက်တာ မိုဟာမက် ဝါဟိဒ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီတွင် ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်ရန် အစိုးရအိမ်တော်သို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

*စာမျက်နှာ ၄ ကော်လံ ၁* ❍

## မူးယစ်ဆေးဝါးတိုက်ဖျက်နိုင်ရေးအတွက် နှစ်နိုင်ငံနယ်စပ်တစ်လျှောက် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်

## နယ်စပ်ကုန်သွယ်ရေးစခန်းများအား လုံခြုံရေးအရ အဆင်ပြေနိုင်မည့်နေရာများတွင် ဖွင့်လှစ်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်**

## ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း အမြန်ပြီးစီးအောင်မြင်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားမည်

## မြန်မာနိုင်ငံစီးပွားရေးပြုပြင်ပြောင်းလဲမှု၌ ထိုင်းနိုင်ငံမှ အချက်လေးချက်အပေါ် မူတည်၍ ပူးပေါင်းဆောင်ရွက်မည်

**ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်**

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇူလိုင် ၂၃ ရက် နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော် Thai Koo Fah အဆောက်အအုံ Inner Ivory Room ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ် နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နှင့်အတူ

*စာမျက်နှာ ၈ ကော်လံ ၁* ❒



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်တို့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ အစိုးရအိမ်တော် Thai Koo Fah အဆောက်အအုံ Inner Ivory Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။** (သတင်းစဉ်)

26-7 (01).pmd 1 7/26/2012, 2:35 AM

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဇူလိုင် ၂၆ ရက်)

# စည်းကမ်းကပေးမည့်သင်ခန်းစာ

မြန်မာ-အင်္ဂလိပ်အဘိဓာန်တွင် Accident ကို မြန်မာလို မတော်တဆထိခိုက်မှု ဟူ၍ ဖွင့်ဆိုထားသည်။ ထိုစကားလုံးကို ယာဉ်တိုက်မှုများတွင် တွင်တွင်ကျယ်ကျယ် ပြောဆိုသုံးစွဲနေကြသည်။ ''ကားAccident ဖြစ်လို့၊ ဆိုင်ကယ် Accident ဖြစ်လို့'' စသည်ဖြင့် တွင်ကျယ်စွာ သုံးစွဲနေကြသည်။ ယခု ထိုစကားလုံးကို 'ပေါ့ဆမှု'ဟူ၍ပင် ပြန်ပြောင်းရမလို ဖြစ်လာသည်။

မှန်ပါသည်။ ဖြစ်ပွားလျက်ရှိသော ယာဉ်တိုက်မှုအများဆုံးသည် လူတို့၏ ပေါ့ဆမှုကြောင့်သာ ဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ထားသော စာရင်းဇယားများတွင် တွေ့ရ၏။ ယာဉ်တိုက်မှုဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းများမှာ ယာဉ်အသုံးပြုသူသည် ယာဉ်ကိုအသုံးမပြုမီ ယာဉ်၏ ကြံ့ခိုင်မှု ရှိမရှိ စစ်ဆေးမှုအားနည်းခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု အားနည်းခြင်း၊ မိမိက လမ်းကြောင်းမှန်မောင်းသော်လည်း အခြား စည်းကမ်းမဲ့ယာဉ်မောင်းသူကြောင့် ယာဉ်တိုက်မှုဖြစ်ပွားခြင်း ဆိုသည့် အချက်သုံးချက်ကို တွေ့ရပေသည်။ ဤအချက်သုံးချက်စလုံးသည် လူတို့၏ ပေါ့ဆမှုကြောင့်သာ ဖြစ်သည်။

အမှန်တကယ်အားဖြင့်လည်း အချို့သည် ထိုအကြောင်းအချက်သုံးရပ်အပေါ် လိုက်နာမှု အားနည်းနေသည်ကို တွေ့ရပေသည်။ ယာဉ်အသုံးမပြုမီ ယာဉ်ကိုစစ်ဆေးပါဆိုလျှင် စစ်ဆေးခြင်းမရှိ၍ ယာဉ်ချွတ်ယွင်းမှုဖြစ်ကာ ယာဉ်တိုက်မှုဖြစ်ပွားခြင်း၊ ယာဉ်ကို အရှိန်လျှော့ပြီး သတ်မှတ်မိုင်နှုန်းအတိုင်း လမ်းကြောင်းမှန်အောင်မောင်းပါဆိုလျှင် ယာဉ်ကို အရှိန်ပြင်းစွာမောင်းနှင်ခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်ရခြင်း၊ ကိုယ်ကလမ်းကြောင်းမှန်မောင်းသော်လည်း အခြားစည်းကမ်းမဲ့ ယာဉ်မောင်းခြင်းကြောင့် ယာဉ်တိုက်မှုဖြစ်ရခြင်းတို့ကို တစ်နည်းမဟုတ်တစ်နည်း ကြုံတွေ့နေရသည်။

ယနေ့ခေတ်တွင် ဆိုင်ကယ်များ တောရောမြို့ပါ စီးနေကြပြီဖြစ်သည်။ ယခင်က စက်ဘီးများပေါသလို ဆိုင်ကယ်များလည်း ပေါလာပြီဖြစ်သည်။ ဈေးကွက်လေ့လာသူများ၏ အဆိုအရ အိမ်နီးချင်းနိုင်ငံများမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလျက်ရှိသည့် ဆိုင်ကယ်စီးရေသည် နေ့စဉ် ၅၀၀ မှ ၁၀၀၀ ကြားတွင် ရှိကြောင်း သိရသည်။ ယခင်က ဆိုင်ကယ်တစ်စီး ကျပ် ၁၀ သိန်းအထက် ရှိခဲ့သော်လည်း ယခုအခါ ကျပ်လေးသိန်း၊ ငါးသိန်းဖြင့်ပင် ဆိုင်ကယ်ဝယ်စီးနိုင်ကြပြီဖြစ်သည်။ ဆိုင်ကယ်များ တရားဝင်စီးနင်းခွင့်ပြုခြင်းကား ကောင်းပါသည်။ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးရာလည်း ရောက်ပါသည်။ ဆိုင်ကယ်သည် စည်းကမ်းတကျသုံးတတ်မည်ဆိုလျှင် မော်တော်ကားတစ်စီးကဲ့သို့ အသုံးဝင်သော ယာဉ်အမျိုးအစားဖြစ်ပါသည်။ ယခင်က မြို့ကြီးများ၌သာ စီးနိုင်ကြသော ဆိုင်ကယ်များသည် ယခုအခါ တောကြိုအုံကြား၊ လယ်ကြိုလယ်ကြားတို့၌ပင် စီးနေကြပြီဖြစ်သည်။

သို့ပါသော်လည်း ဆိုင်ကယ်စီးနင်းအသုံးပြုကြသူများသည် စည်းကမ်းလိုက်နာမှုအားနည်းခြင်းကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ ဆိုင်ကယ်ကို ဆိုင်ကယ်ဦးထုပ်မပါဘဲစီးခြင်း၊ လူနှစ်ယောက်ထက်ပို၍စီးခြင်း၊ အရှိန်ပြင်းစွာ စတန့်ထွင်၍စီးခြင်း၊ ယာဉ်စည်းကမ်းကိုလိုက်နာမှုမရှိခြင်းတို့ကြောင့် နေ့စဉ်နှင့်အမျှ ယာဉ်မတော်တဆမှုများဖြစ်ကာ သေပျောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

သို့ဖြစ်ပါ၍ တောရောမြို့ပါ ဆိုင်ကယ်များ စီးလာနိုင်ခြင်းသည် တိုးတက်ပြောင်းလဲမှု၏ ပြယုဂ်တစ်ခု ဖြစ်ပါသည်။ ခေတ်စနစ်၏ တောင်းဆိုမှုအရ ဆိုင်ကယ်စီးခြင်းသည်လည်း ကောင်းပါသည်။ သို့သော် စည်းကမ်းလိုက်နာမှုအားနည်းလျှင်မကောင်းပါ။ စည်းကမ်းလိုက်နာခြင်းမရှိလျှင် စည်းကမ်းက သင်ခန်းစာ ပေးပါလိမ့်မည်။ စည်းကမ်းကပေးမည့် သင်ခန်းစာသည် ယာဉ်စည်းကမ်းချိုးဖောက်သဖြင့် သက်ဆိုင်ရာက အပြစ်ပေးအရေးယူမည့် သင်ခန်းစာပေးခြင်းထက် များစွာပြင်းထန်လွန်းလှပါသည်။ စည်းကမ်းကပေးမည့် သင်ခန်းစာသည် သင့်ဘဝအတွက် နိဂုံးချုပ်သွားစေနိုင်ပါသည်။ စည်းကမ်းကပေးမည့် သင်ခန်းစာကို မခံယူကြစေလိုပါ။ ယာဉ်စည်းကမ်းကို လိုက်နာခြင်းဖြင့် စည်းကမ်းကပေးမည့် သင်ခန်းစာကို အနိုင်ယူကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## လုပ်ငန်းလိုင်စင်ရယူပြီးမှသာ Taxi ယာဉ်အဖြစ် ပြေးဆွဲရန်အသိပေး

မန္တလေး ဇူလိုင် ၂၄

မန္တလေးတိုင်းဒေသကြီးအတွင်း ကိုယ်ပိုင်နံပါတ်အနက် မော်တော်ယာဉ်များဖြင့် Taxi ပြေးဆွဲနေခြင်း များပြားလာကြောင်း စိစစ်တွေ့ရှိရသည်။ ၁၉၆၄ခုနှစ်ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ(၃)အရ လုပ်ငန်းလိုင်စင်ရယူပြီးမှသာ ပြေးဆွဲလုပ်ကိုင်ရန် ထုတ်ပြန်ထားသည်။

ကိုယ်ပိုင်နံပါတ်အနက် မော်တော်ယာဉ်များအနေဖြင့် စီးလုံးငှား''ဂ''လုပ်ငန်းလိုင်စင်ရယူပြီးမှသာ Taxi အဖြစ် ပြေးဆွဲကြရန်နှင့် လုပ်ငန်းလိုင်စင်ယူခြင်း မရှိဘဲ Taxi အဖြစ် ပြေးဆွဲနေပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက အသိပေးထားသည်။

မန္တလေးမြို့တွင် လေးဘီးယာဉ်ပိုင်ရှင်အချို့သည် ယာဉ်ဟောင်းများအပ်နှံကာ စလစ်ရောင်းချပြီး မြန်မာမီနီဆလွန်းကားများ၊ ဆူဇူကီး R+များ ဝယ်ယူကာဟိုတယ်၊ ဘူတာ အနီးဝန်းကျင်တွင် နံပါတ်အနက်ဖြင့် Taxi ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။ **သီဟကိုကို(မန္တလေး)**

## စက်မှုလယ်ယာဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

စစ်တွေ ဇူလိုင် ၂၅

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် အခြေအနေများကြောင့် မိမိနေအိမ်များ စွန့်ခွာခဲ့ရပြီး အိုးအိမ်နှင့် ပစ္စည်းဥစ္စာများပျက်စီးဆုံးရှုံးခဲ့ရသော စစ်တွေမြို့ အမှတ်(၇၂) ထွန်စက်စခန်းမှ စက်မှုလယ်ယာဝန်ထမ်းမိသားစု ကိုးစု၊ လူဦးရေ ၃၉ဦးအား စက်မှုလယ်ယာရုံးချုပ်နှင့် ရွှေထယ်ရောင်းဝယ်ရေးကုမ္ပဏီတို့မှ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို စက်မှုလယ်ယာဦးစီးဌာန ရခိုင်ပြည်နယ်ရုံးတွင် ဇူလိုင် ၁၉ရက် မွန်းလွဲ ၁နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးကျော်သိန်းက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး (စီမံ) ဦးတင်ငွေက ထောက်ပံ့ငွေပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ထမ်းမိသားစုများအား စက်မှုလယ်ယာရုံးချုပ်က တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်း၊ ရွှေထယ်ရောင်းဝယ်ရေးကုမ္ပဏီက တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ကူညီထောက်ပံ့ငွေကျပ် ၂၇သိန်း ခုနစ်သောင်းကို ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် စက်မှုလယ်ယာ)**

## သုံးရာသီစလုံးပွင့်နေသည့် သက်တမ်းရာကျော်ခရေပင်ကြီး

### သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-မင်းမင်းလတ်(မန်းတက္ကသိုလ်)

နေပြည်တော် ဇူလိုင် ၂၅

*စာရေးသူတို့နေထိုင်ရာ နေပြည်တော်ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်အုပ်စု ရွှေသာယာ(၁)ရပ်ကွက်တွင် ခရေပင်ကြီးတစ်ပင်ရှိသည်။ ၎င်းခရေပင်ကြီးသည် နွေ၊ မိုး၊ ဆောင်း သုံးရာသီကာလပတ်လုံး အပွင့်များဝေဆာစွာ ပွင့်နေသောကြောင့် ခရေပွင့်များကို ဒေသခံများက ကောက်ယူသီကုံး၍ ရောင်းချကာ အိမ်ထောင်စု၏ မီးဖိုချောင်စရိတ်ကို ဖြည့်ဆည်းနိုင်လျက်ရှိသည်။* ***(အောက်ပုံ)***

*အဆိုပါခရေပင်ကြီးနှင့်ပတ်သက်၍ ၎င်းရပ်ကွက်မှ အသက် ၇၀အရွယ်ရှိ အမေ ဒေါ်ခင်မြအား မေးမြန်းကြည့်ရာ "အမေ အသက် ၇၀ ပြည့်ခဲ့ပါပြီ။ အမေတို့ရဲ့ မိခင်ဖခင်လက်ထက်ကတည်းက ဒီခရေပင်ကြီးကပွင့်တဲ့ ခရေပန်းကလေးတွေကိုသီကုံးပြီး အမေတို့စားဝတ်နေရေးအတွက် ခရေပန်းကုံးကလေးတွေရောင်းပြီး ကျွေးမွေးခဲ့တယ်။အခု အမေမွေးထားတဲ့ သားနှစ်ယောက်နဲ့ သမီးတစ်ယောက်ကိုလည်း ဒီလိုပဲကျွေးမွေးခဲ့တဲ့အပြင် ကလေးတွေရဲ့ ကျောင်းစရိတ်ကိုလည်း ဒီခရေပင်ကြီးက ပွင့်တဲ့ခရေပန်းလေးတွေကို သီကုံးပြီး ကျောင်းထားခဲ့ရတယ်။ ဒါ့အပြင် အမေတို့လို ခရေပင်ကြီးက ကျွေးမွေးထားတဲ့ မိသားစုတွေ ဒီရပ်ကွက်မှာ လူဦးရေအရေအတွက် မခန့်မှန်းတတ်လောက်အောင် များပြားတယ်။ ဒါကြောင့် ဒီခရေပင်ကြီးကို "ရွှေခရေပင်"ကြီးလို့တင်စားထားတယ်။ ဒီလမ်းကိုလည်း ရွှေခရေပင်လမ်းလို့ အများကမှည့်ထားတယ်"ဟုအမေ ဒေါ်ခင်မြက ပြောပြသည်။*

*ရွှေခရေပင်ကြီးသည် နေပြည်တော်ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက် ငါးလိုက်ချောင်း မြောက်ဘက် ရန်ကုန်-မန္တလေးကားလမ်းနှင့် မီးရထားလမ်းဘေးတွင် တည်ရှိပြီး မြန်မာနိုင်ငံလွတ်လပ်ရေးမရမီ အင်္ဂလိပ်လက်ထက်နှင့် ရှေးမြန်မာမင်းများရှိစဉ်ကတည်းက သဘာဝအလျောက် ပေါက်ရောက်နေသော အပင်ကြီးဖြစ်ပြီး သက်တမ်းအားဖြင့် နှစ် ၁၀၀ကျော် သက်တမ်းရှိနေပြီဖြစ်သည်။ ၎င်းခရေပင်ကြီးသည် အုပ်ဆိုင်း၍ အရိပ်အာဝါသကောင်းမွန်သောကြောင့် ခရီးသွားပြည်သူများ ခရေပင်ကြီးအောက်တွင် ခရီးတစ်ထောက်နားရင်း ရွှေခရေပန်းရနံ့များကို ရှူရှိုက်၍ အပန်းဖြေတတ်ကြကြောင်း သိရှိရသည်။ ။*



## မြောက်ဦးမြို့၌ အခွန်ဆိုင်ရာဆွေးနွေး

မြောက်ဦး ဇူလိုင် ၂၅

ပြည်တွင်းအခွန်များဦးစီးဌာန မြောက်ဦးမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အခွန်ဆိုင်ရာဆွေးနွေးပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီက မြောက်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြဝါခန်းမ၌ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး ဦးသိန်းရွှေက အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပညာရေး ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဝန်ထမ်းများအား ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသူများအား အခွန်ဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**



## ထူးချွန်ကျောင်းသား ကျောင်းသူများအား မအူပင်မြို့နယ် အထကရေလဲကလေးကျောင်း၌ ဆုချီးမြှင့်

မအူပင် ဇူလိုင် ၂၅

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စု အထက ရေလဲကလေးကျောင်း၏ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးသော ဆရာ ဆရာမများအား တတိယအကြိမ်မြောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၁ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း ငွေရတုခန်းမဆောင်၌ ကျင်းပသည်။

အထက ရေလဲကလေးကျောင်းမှ ၂၀၁၁-၂၀၁၂ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၁၄ ဦး စုစုပေါင်း ၁၈ ဦးနှင့်ဆရာ ဆရာမ ၁၂ဦးအားချီးမြှင့်ငွေကျပ် ၁၆ သိန်း၊ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၈ ဦးအား ချီးမြှင့်ငွေကျပ် ၃၄ သိန်းကို အလှူရှင် စည်သူဝဏ္ဏကျော်ထင်ဦးရန်ဝင်းနှင့်ဇနီးဒေါ်လွင်လွင်ဝေ (အေဝမ်းဆောက်လုပ်ရေးကုမ္ပဏီ) မိသားစုက ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည်။**(ဝဲပုံ)**

### လှူဒါန်း

ထို့အပြင် ရေလဲကလေးကျေးရွာအုပ်စု အထကရေလဲကလေးကျောင်းနှင့် ကျေးလက်လမ်း၊ ကျေးရွာမီးလင်းရေး၊ ဘက်စုံဖွံ့ဖြိုးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ၎င်းအလှူရှင်ကပင် ငွေကျပ် ၁၇၇၀ ဒသမ ၆ သိန်း လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

## ကြို့ပင်ကောက်မြို့၌ အခွန်ပညာပေးပွဲကျင်းပ

ကြို့ပင်ကောက် ဇူလိုင် ၂၅

သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အခွန်ဦးစီးဌာနက ကြီးမှူးကျင်းပသော အခွန်ပညာပေးရှင်းလင်းပွဲကို အထက(ခွဲ) ဘုရင့်နောင်ကျောင်းတွင် ဇူလိုင် ၂၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ကြို့ပင်ကောက်မြို့နယ် အထကကျောင်းအုပ်ဆရာမကြီး ဒေါက်တာ ဒေါ်နှင်းသီတာမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်တွင်းအခွန်များ ဦးစီးဌာန အခွန်ဦးစီးမှူး ဒေါ်ခင်မာချိုက အခွန်ဆိုင်ရာများကို ပညာပေးဟောပြောသည်။ **(ယာပုံ)**

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများတက်ရောက်ကြကြောင်းသိရှိရသည်။ **(မြို့နယ်အခွန်ဦးစီး)**



## ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ သဲကုန်း အထက၌ သစ်ပင်စိုက်ပျိုး

သဲကုန်း ဇူလိုင် ၂၅

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ သရုပ်ပြပွဲနှင့် သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၈ရက်က သဲကုန်းမြို့နယ် အထက ကျောင်း၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးရဲမြင့်က အမှာစကားပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးကျော်မင်းသန့်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သော ဗဟုသုတများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးမှူးက သစ်ပင်စိုက်ပျိုးနည်း လက်တွေ့သရုပ်ပြပြီးနောက် တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ကျွန်း၊ ပျဉ်းကတိုး၊ ယူကလစ်၊ ပျဉ်းမ၊ ရေတမာ၊ တမာ စသောပျိုးပင်ပေါင်း ၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်သစ်တော)**

## မိုင်းဆတ်၌ ထူးချွန်ကျောင်းသားများအား ဆုပေးအပ်ချီးမြှင့်ပွဲကျင်းပ

မိုင်းဆတ် ဇူလိုင် ၂၅

ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ ထူးချွန်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ဥက္ကဋ္ဌက နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံ

**နေပြည်တော် ဇူလိုင် ၂၅**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ဥက္ကဋ္ဌ Mr.Pongsawat Sawasdiwat က ဇူလိုင် ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် Mandarin Oriental ဟိုတယ် Le Nirmandie ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါနေ့လယ်စာစားပွဲသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များ၊ စစ်ရေးချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



### တည်ခင်းဧည့်ခံ

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ဥက္ကဋ္ဌ Mr.Pongsawat Sawasdiwat က ဗန်ကောက်မြို့ Mandarin Oriental ဟိုတယ် Le Nirmandie ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)



*✻ ကျောဖုံးမှ*

စီးပွားရေးနှင့်စက်မှုဖွံ့ဖြိုးတိုးတက်မှု၊ မြန်မာနိုင်ငံ ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်းအရှေ့ပိုင်းပင်လယ်တို့အကြား ဆက်သွယ်မှုတို့ကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ထိုင်းနိုင်ငံစက်မှုဖွံ့ဖြိုးရေးအဖွဲ့ (Thailand Industrial Estates) မှ Governor Dr. Verapong Chaiperm က ထိုင်းအရှေ့ပိုင်းပင်လယ် ဖွံ့ဖြိုးတိုးတက်မှုနှင့်အုပ်ချုပ်မှုဆိုင်ရာများကိုလည်းကောင်း၊ ထိုင်းနိုင်ငံရင်းနှီးမြှုပ်နှံမှုအဖွဲ့ (Thailand Board of Investment) မှ Secretary General Dr.Atchaka Sibunruang က ထိုင်းနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Laem Chabang Port Observation Tower သို့ ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ (Port Authority of Thailand) Managing Director Mr. Chalermkeat Salakham က Laem Chabang Port ဆိပ်ကမ်းတည်ဆောက်ခဲ့မှုနှင့် လက်ရှိဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် Laem Chabang ဆိပ်ကမ်းဖွံ့ဖြိုးမှုအခြေအနေများကို Tower ပေါ်မှ လှည့်လည်ကြည့်ရှုကြပြီး Chonburi မြို့ရှိ Amata စက်မှုဇုန်ကို မော်တော်ယာဉ်ဖြင့်လှည့်လည်ကြည့်ရှုရာ ကျောင်းသား ကျောင်းသူလေးများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် Bang-Na Trad ကွန်ကရစ်အမြန်လမ်းမကြီးမှတစ်ဆင့် ပြန်လည်ထွက်ခွာခဲ့ရာ ညပိုင်းတွင် ဗန်ကောက်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များအား Laem Chabang Port Observation Tower ၌ ထိုင်းနိုင်ငံ ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ Managing Director Mr. Chalermkeat Salakham ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

**ထိုင်းနိုင်ငံ Chonburi ပြည်နယ်ရှိ Laem Chabang ဆိပ်ကမ်းကို တွေ့ရစဉ်။** (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မော်လ်ဒိုက်ဗ်နိုင်ငံခြားရေးဝန်ကြီးထံ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၁၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၄၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မော်လ်ဒိုက်ဗ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အဗ္ဗဒူလ် စမက် အဗ္ဗဒူလ်လာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**



## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၂၅**

သံလွင်မြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၇၀၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

### မြန်မာ့ရုပ်မြင်သံကြား

**၁၃၇၄ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက် (ဥပုသ်နေ့)**
**၂၆-၇-၂၀၁၂ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ နံနက်ခင်းသတင်း
- ၇း၅၀ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၀ ထိန်းသိမ်းစို့လေ ယဉ်ကျေးမှုအမွေ
- ၈း၃၅ International News
- ၈း၄၀ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်

**ညပိုင်း**

- ၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
- ၄း၂၀ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၄း၄၀ **၄ ကိတ်တစ်သောင်း**
- ၄း၅၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -တတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
- ၅း၁၅ နားဝင်ပီယံသူ့လက်သံ
- ၅း၃၅ သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်
- ၅း၄၅ ဝါဆိုမိုးဆမ်းကန်တော့ပန်း (တိပိဋကနိကာယဥပဌာက အနုပညာအဖွဲ့)
- ၆း၁၅ မိုးလေဝသအခြေအနေ
- ၆း၂၀ ပျော်ရွှင်စေသောနေ့ရက်များ **ကြီးပွားချမ်းသာ** (အပိုင်း-၂)
- ၈း၀၀ ပြည်တွင်းသတင်း
- - နိုင်ငံတကာသတင်းများ
- - မိုးလေဝသအခြေအနေ
- - အစာလည်းဆေး၊ ဆေးလည်းအစာ
- - နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၇၆)

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

❍ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည်အလေးပြုခံစင်မြင့်သို့ သွားရောက်နေရာယူပြီး ဂုဏ်ပြုတပ်ဖွဲ့၏အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ထိုင်းနိုင်ငံ နိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ထိုင်းနိုင်ငံဝန်ကြီးချုပ်က ၄င်းနှင့်အတူ ကြိုဆိုကြသူများနှင့် မိတ်ဆက်ပေးသည်။

ထို့အတူ နိုင်ငံတော်သမ္မတကလည်း ထိုင်းနိုင်ငံဝန်ကြီးချုပ်အား မိမိနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများနှင့် ပြန်လည်မိတ်ဆက်ပေးပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော် Thai Koo Fah အဆောက်အအုံ Purple ခန်းမ၌ ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် ထိုင်းနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများအား တွေ့ဆုံနှုတ်ဆက်သည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးတင်နိုင်သိန်း၊ ဦးအောင်ကြည်၊ ဦးသန်းဌေး၊ ဦးဝင်းမြင့်၊ ဝန်ကြီးချုပ်ဦးဇော်မင်းနှင့် ဦးမြတ်ကို၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးအောင်၊ သူရဦးသောင်းလွင်နှင့် ဒေါက်တာဝင်းမြင့်၊ မြန်မာနိုင်ငံသံအမတ်ကြီး ဦးတင်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်အား အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)





အလားတူ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးဝန်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် ထိုင်းနိုင်ငံ သံအမတ်ကြီးတို့လည်း အဆိုပါအခမ်းအနားသို့ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော်ရှိ Thai Koo Fah အဆောက်အအုံ Outer Ivory ခန်းမ၌ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Inner Ivory Room ၌ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်နှင့် တွေ့ဆုံသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**စစ်ဆေး**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စရင်လတ်ရှင်နာဝပ်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**
(သတင်းစဉ်)



◆ *ကျောဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံရုံး- သံရုံးယာယီတာဝန်ခံ Mr. Kallayana Vipattipumiprates နှင့် သံရုံးမှ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ ဆက်လက်အားကောင်းနေမည်

**နေပြည်တော် ဇူလိုင် ၂၅**

**ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သထုံမြို့တွင် ၁၀ ဒသမ ၈၇ လက်မ၊ မောင်တောမြို့တွင် ၉ ဒသမ ၁၃ လက်မ၊ ကော့ကရိတ်မြို့တွင် ၇ ဒသမ ၉၅ လက်မ၊ ဘားအံမြို့တွင် ၇ ဒသမ ၂၉ လက်မ၊ ငါးသိုင်းချောင်းမြို့တွင် ၅ ဒသမ ၃၉ လက်မ၊ တောင်ကုတ်မြို့တွင် ၅ ဒသမ ၀၁ လက်မ၊ ဘီးလင်းမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ပဲခူးမြို့တွင် ၄ ဒသမ ၈၈ လက်မနှင့် နေပြည်တော်(လေဆိပ်)တွင် ၃ ဒသမ ၁၁ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်း အသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

# သဘာဝနည်းဖြင့် ငါးသားဖောက်ခြင်း ပညာပေးပြသ

***ခမ်းပါတ် ဇူလိုင် ၂၅***

*တမူးခရိုင် ခမ်းပါတ်မြို့နယ်ခွဲ ဘုက္ကန်ကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေး အထောက်အကူပြုနိုင်ရန် သဘာဝနည်းဖြင့် ငါးသားဖောက်ခြင်းလုပ်ငန်းပညာပေးမှုကို ဇူလိုင် ၁၄ ရက်က ဦးကံညွန့်၏ ငါးကန်အတွင်း ပြုလုပ်ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ထွဋ်နှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့် ငါးမွေးမြူရေးလုပ်ငန်းကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။*

*ယခုအခါ ခမ်းပါတ်မြို့နယ်ခွဲအတွင်း တစ်ပိုင်တစ်နိုင်ငါးမွေးမြူသူရှစ်ဦး၊ ငါးကန် ၁၃ ဒသမ ၆၆ ဧကရှိ၍ ငါးသားပေါက်များကို ကလေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝယ်ယူသယ်ဆောင်မွေးမြူလျက်ရှိကြောင်း၊ ယခုကဲ့သို့ သဘာဝနည်းဖြင့် ငါးသားဖောက်၍ မွေးမြူခြင်းဖြင့် ကုန်ကျစရိတ် သက်သာသည့်အပြင် စီးပွားရေးအရ ပိုမိုတွက်ခြေကိုက်ကြောင်း သိရှိရသည်။* ***(မြန်မာ့အလင်း)***

**ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၌ ဇူလိုင် ၂၀ ရက်က အခြေခံပညာ အလယ်တန်းအဆင့် အခွန်ဆိုင်ရာ ပညာပေးဟောပြောပွဲကို ဇီးကုန်းအထက၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက အခွန်ဆိုင်ရာ သိကောင်းစရာများ ဆွေးနွေးဟောပြောစဉ်။** (မြို့နယ် ပြန်/ဆက်)



# မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် ဇူလိုင် ၂၅**

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၂၂ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၈၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၄ စင်တီမီတာ (၀ ဒသမ ၅ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ငဝန်မြစ်ရေသည် ယနေ့တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၁၁ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့မွန်းလွဲ ၁ နာရီ ၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၆၁၂)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေး၌ ဥပဒေကြမ်း(၁)ခု အတည်ပြုခြင်း၊ အစီရင်ခံစာဆွေးနွေးခြင်းနှင့် အဆို (၁)ခု ဆက်လက်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ**၌ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များနှင့်အတူ ပြန်လည်ပေးပို့လာသော **အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ မရှိသည့်အတွက် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်အတိုင်း အတည်ပြုဆောင်ရွက်သည်။



ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယနေ့အတည်ပြုသည့် ဥပဒေကြမ်းတွင် ဥပဒေရေးထုံးနှင့်ညီညွတ်စေရန် ဥပဒေကြမ်းခေါင်းစဉ်ပါ ရက်စွဲအောက်၌ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ပြုထားသည့် စကားရပ်အတိုင်း ထည့်သွင်းဖော်ပြသွားရန်၊ ဥပဒေကြမ်း၏ အပိုဒ် ၆ နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်းထားရှိရန်နှင့် အပိုဒ် ၂ (ခ၊ ဂ၊ ဃ)၊ အပိုဒ် ၇၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁(က၊ ခ)တို့ကို ပြည်ထောင်စုလွှတ်တော်၏ မူလအတည်ပြုချက်အတိုင်းထားရှိရန် တို့ကို အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**အစီရင်ခံစာ ဆွေးနွေးခြင်းကဏ္ဍ**၌ ဇူလိုင် ၂၃ ရက်တွင် တင်သွင်းခဲ့သည့် ဖြည့်စွက်ရန်ပုံငွေတောင်းခံခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ တွေ့ရှိသုံးသပ်ချက်အစီရင်ခံစာ အမှတ်စဉ် (၁/၂၀၁၂)နှင့်စပ်လျဉ်း၍ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာတို့က ဘဏ္ဍာငွေအသုံးစရိတ်ဆိုင်ရာ အခက်အခဲများကိုကျော်လွှားနိုင်ရန် ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ နောက်နှစ် စက်တင်ဘာ ၃၀ ရက်အဖြစ် ပြင်ဆင်သင့်ပါကြောင်း၊ ထိုသို့ပြင်ဆင်ပါက ဝန်ကြီးဌာနများအနေဖြင့် ငွေလုံးငွေရင်း တည်ဆောက်ရေးလုပ်ငန်းများကို ပွင့်လင်းရာသီတွင် သုံးစွဲနိုင်သည့်အတွက် လိုငွေပိုငွေ တိတိကျကျသိနိုင်ပါကြောင်း၊ ထို့အတူ မတ်လတွင် ဖြည့်စွက်ခွင့်ပြုငွေတောင်းခံနိုင်သည့်အပြင် မိုးရာသီကာလ၌ ပစ္စည်းဝယ်ယူ ဖြည့်တင်းခြင်း၊ နောင်နှစ်အတွက် ဘဏ္ဍာငွေတောင်းခံရန် ပြင်ဆင်ခြင်းတို့ကိုလည်း လုပ်ဆောင်နိုင်ပါကြောင်း၊ ထို့မျှမက လယ်သမားများထံမှ စိုက်ပျိုးစရိတ်ချေးငွေကို အလောတကြီးတောင်းခံရန် မလိုအပ်သည့်အတွက် လယ်သမားများအနေဖြင့် သီးနှံဈေးကောင်းရရှိနိုင်ကြမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။



မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ယင်းအစီရင်ခံစာနှင့် စပ်လျဉ်း၍ ယနေ့ဆွေးနွေးသွားသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအစိုးရအဖွဲ့၏ကိုယ်စား ပြည်ထောင်စုဝန်ကြီးဌာန ကိုယ်စားလှယ်များနှင့်အတူ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက ပြန်လည်ဆွေးနွေးရန် ဆုံးဖြတ်သည်။

**အဆိုဆွေးနွေးခြင်းကဏ္ဍ**၌ ဇလွန်မဲဆန္ဒနယ်မှ ဦးတင်ထွတ်၏ **လယ်ယာမြေများ သိမ်းဆည်းခံရခြင်းများအား စုံစမ်းလေ့လာဖော်ထုတ်ပြီး တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေး တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးရန်** အဆိုနှင့်စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည့် တောင်ဥက္ကလာပမဲဆန္ဒနယ်မှ ဦးအောင်သိန်းလင်း၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်သိန်း၊ အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးတင်မြ၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည်၊ မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့်နှင့် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်တို့က ထောက်ခံဆွေးနွေးကြသည်။

ထိုသို့ဆွေးနွေးကြရာတွင် ယနေ့ဖြစ်ပေါ်နေသော မြေယာပြဿနာများကို သုံးသပ်ကြည့်လျှင် လိုအပ်၍ သိမ်းယူခြင်းကို လက်ခံကြသော်လည်း သင့်တင့်မျှတသော နစ်နာကြေးနှင့် လျော်ကြေးမရရှိခြင်း၊ လုပ်ကိုင်စားသောက်ရန် မြေယာအစားပြန်မရခြင်း၊ လိုအပ်ချက်ထက် ပိုမိုသိမ်းဆည်းခြင်း၊ သိမ်းဆည်းပြီး မြေယာများကို သတ်မှတ်ချက်အတိုင်း အသုံးပြုခြင်းမရှိဘဲ ပြန်လည်၍သီးစားချထားခြင်း၊ နှစ်ရှည်လများ ပလပ်ထားခြင်း၊ အခြားသူတစ်ဦးသို့ ပြန်လည်လွှဲပြောင်းပေးခြင်း စသည်တို့ကို မြင်တွေ့ကြားသိနေရသဖြင့် နိုင်ငံတော်အစိုးရက နိုင်ငံလူဦးရေ၏အများစုဖြစ်သော တောင်သူလယ်သမားများ၏ဘဝအား စာနာနားလည်ကာ ၎င်းတို့၏ ခံစားနေရမှုကို ဖြေရှင်းဆောင်ရွက်ပေးနိုင်သည့် အစိုးရအဖြစ်ဖော်ဆောင်ပြီး ပြည်သူ့ထောက်ခံမှုကို ရယူသင့်ပါကြောင်း။

သို့ဖြစ်၍ တောင်သူလယ်သမားများ၏ လူမှုဘဝခံစားရမှုများ ပြေလည်နိုင်ရေးနှင့် စိုက်ပျိုးမြေများ ထပ်မံဖော်ထုတ်လုပ်ကိုင်နိုင်ခြင်းမရှိဘဲ လယ်မဲ့ယာမဲ့ဘဝဖြင့် ခက်ခဲစွာရှာဖွေလုပ်ကိုင်စားသောက်နေရသော ကျေးလက်ဒေသတောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် သက်ဆိုင်ရာက တရားမျှတစွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ နယ်မြေကွင်းဆင်းဆောင်ရွက်ရန်အတွက် ပြည်ထောင်စုလွှတ်တော်နာယကက **လယ်ယာမြေ သိမ်းဆည်းခံရမှုများကြောင့် တောင်သူလယ်သမားများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေးကော်မရှင်** ဖွဲ့စည်းဆောင်ရွက်နိုင်ရေး လွှတ်တော်သို့ အဆိုပြုတင်ပြပြီး ဇူလိုင် ၂၆ ရက် အစည်းအဝေးတွင် လွှတ်တော်၏ အဆုံးအဖြတ် ရယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင်ရပ်နားပြီး သတ္တမနေ့ အစည်းအဝေးကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

အမျိုးသားလွှတ်တော်အစည်းအဝေး (၁၄)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်ခန်းမ၌ ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂၀၇)ဦးတို့ တက်ရောက်ကြသည်။

ယနေ့အစည်းအဝေး၌ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်း (၅)ခုမေးမြန်းဖြေကြားခြင်းနှင့် ကျန်းမာရေးဆိုင်ရာဥပဒေကြမ်း (၁)ခုအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။



**ဖြေကြား**

**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် မေးမြန်းချက် များ ကို ဖြေကြားစဉ်။** (သတင်းစဉ်)

**မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ**၌ လွှတ်တော်ကိုယ်စားလှယ်(၅)ဦး၏ ဆောက်လုပ်ရေးကဏ္ဍဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြန်လည်ဖြေကြားသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးညိုထွန်း ၏ **"ရခိုင်ပြည်နယ် အမ်းချောင်း(အောက်ရွာ) တံတားသစ်တည်ဆောက်မှုအား ပြန်လည်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ၁၅-၁၂-၂၀၁၀ ရက်တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ (၇၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေကျပ်သန်း(၇၀၀)ရရှိခဲ့ပြီး ဆက်လက်ဆောင်ရွက်ခဲ့ရာ တံတား၏အောက်ထည်အားလုံး ပြီးစီးပြီဖြစ်ပါကြောင်း၊ အမ်းချောင်း(အောက်ရွာ) တံတားတည်ဆောက်ခြင်းအား ရပ်ထားခြင်းမရှိဘဲ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ သံမဏိရက်မ(၂၅)ချောင်း ရရှိရေးဆောင်ရွက်လျက်ရှိပြီး ရရှိပါက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း တံတားတစ်ခုလုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိစေရန် တံတားဟောင်းပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသက်လင်း၏ **"ဆားမလောက်-မအူပင်ကားလမ်းအား လက်ရှိကျောက်ကြမ်းလမ်းမှ ပိုမိုတိုးတက်ကောင်းမွန်သော ကတ္တရာလမ်းအဖြစ် အမြန်ဆုံးဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မိုးတွင်းကာလ လမ်းချောမွေ့စွာသွားလာနိုင်ရေး ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပွင့်လင်းရာသီတွင် ကတ္တရာခင်းခြင်းလုပ်ငန်းအား ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အကုန်၌ အပြီးဆောင်ရွက်သွားရန် စီမံချက်ရေးဆွဲလုပ်ဆောင်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဂမ်ဆိုင်း၏ **"ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် ပျက်စီးခဲ့သောတံတားများ အမြန်ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ဆောက်လုပ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ မိုင်းကွဲတံတား (၆)စင်းအနက်မှ မြစ်ကြီးနား-ဗန်းမော်လမ်းတွင်ရှိသော တံတားအမှတ် (၂/၄၈၁) (နမ်မြစ်ခ) တံတား၌ ပျက်စီးသွားသော သံပေါင်သံပြားနေရာတွင် ပြန်လည်ပြုပြင်ခြင်း၊ တံတားအမှတ်(၂/၄၆၁) (ပမွေခ)တံတားနှင့် တံတားအမှတ် (၁/၄၆၄) (ခဝမ်ခ)တံတားတို့အား သစ်သားဖြင့် အစားထိုးပြုပြင် ပြင်ဆင်ခြင်းနှင့် ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီလမ်းပေါ်ရှိ တံတားအမှတ် (၁/၁၄)၏ ပျက်စီးသွားသောနေရာများကိုလည်း ပြန်လည်ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ဝါရှောင်-ဆဒုံး-ကန်ပိုက်တီ ချစ်ကြည်ရေးလမ်းပေါ်ရှိ ခုနစ်ရောင်စုံ တံတားအပါအဝင် မိုင်းခွဲခံရသော တံတားများအား နယ်မြေအေးချမ်းတည်ငြိမ်ပြီး လုံခြုံရေးရရှိသောအချိန်တွင် သက်ဆိုင်ရာဘီအိုတီကုမ္ပဏီက ပြန်လည်ပြုပြင်ပေးနိုင်ရေး ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ဘေလီသံပေါင်များ စုဆောင်းထားရှိရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန်၏ **"သိုင်းငင်း-တီးတိန်လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုအစိုးရငွေလုံးငွေရင်း ရန်ပုံငွေကျပ် သန်း (၂၀၀)ဖြင့် (၃၄)ပေ အကျယ် လမ်းချဲ့ခြင်း (၁)မိုင် (၆)ဖာလုံ၊ မူလကျောက်လမ်းမှ ကတ္တရာလမ်းဆောင်ရွက်ရန် (၇)ဖာလုံနှင့် (၅ ပေ× ၂၄ ပေ) သံကူကွန်ကရစ်တံတား(၁)စင်း တည်ဆောက်ရန် စသည့်လုပ်ငန်းများကို ဆောင်ရွက်ရန် လျာထားပါကြောင်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် သိုင်းငင်း-တီးတိန်လမ်းအတွက် ပြည်ထောင်စုအစိုးရ ရန်ပုံငွေတင်ပြတောင်းခံပြီး ကတ္တရာလမ်း အဆင့်တိုးမြှင့်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးညွန့်လှိုင်၏ **"ဆက်သွယ်ရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပို့ဆောင်ရေးကဏ္ဍများကို အကျိုးပြုမည့် ဟင်္သာတ-သာရဝေါ ဧရာဝတီမြစ်ကူးတံတား ဆောက်လုပ်ရေးစီမံကိန်းကို မည်သို့အကောင်အထည်ဖော်မည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ဟင်္သာတတံတား တည်ဆောက်နိုင်ရန် ဂျပန်နိုင်ငံမှ အဖွဲ့(၁)ဖွဲ့က လာရောက်လေ့လာနေဆဲဖြစ်ပါကြောင်း၊ ဟင်္သာတနှင့် သာရဝေါတို့အား ဆက်သွယ်မည့် ဧရာဝတီမြစ်ကူးဟင်္သာတတံတား တည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်၏ ဘဏ္ဍာငွေကြေး အခြေအနေအပေါ် မူတည်မည်ဖြစ်ပြီး လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။



**ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညိုထွန်း မေးမြန်းစဉ်။** (သတင်းစဉ်)

**ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ**၌ **တိုင်းရင်းဆေးကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးဆိုင်ပေါင်းနပ်က ဖတ်ကြားရှင်းလင်းပြီး ဥပဒေကြမ်း၏ ပြင်ဆင်ချက် အပိုဒ် ၂ နှင့် စပ်လျဉ်း၍ အတည်ပြုဆောင်ရွက်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အတည်ပြုရန်အဆိုတင်သွင်းပြီး ဥပဒေကြမ်းကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို နံနက် ၁၀ နာရီ မိနစ် ၅၀ တွင် ရပ်နားပြီး (၁၅)ရက်မြောက်နေ့ အစည်းအဝေးကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပန်းတောင်းမြို့နယ် ကြိုးဝိုင်းများအတွင်း တရားမဝင် သစ်များ ဖမ်းဆီးရမိ

**ပြည် ဇူလိုင် ၂၅**

သဘာဝသစ်တောသယံဇာတများ ထိန်းသိမ်းကာကွယ်ခြင်း၊ တရားမဝင်သစ်ခိုးထုတ်ယူမှုများအား ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းတိုး ဦးဆောင်သော ပြည်ခရိုင် သဲကုန်းမြို့နယ်နှင့် ပန်းတောင်းမြို့နယ်တို့မှ သစ်တောဝန်ထမ်း ၁၂ ဦးပါဝင်သောအဖွဲ့သည် ဇူလိုင် ၁၁ ရက်နှင့် ၁၂ ရက်တွင် ပန်းတောင်းမြို့နယ် သူရဲတန်းကြိုးဝိုင်းနှင့် ကျောက်ဖူးကြိုးဝိုင်းအတွင်းမှ တရားမဝင် သစ် ၁၂၈ လုံး ၁၆ ဒသမ ၃၄၀၈ တန်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

## (၂၈၃)ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဩဂုတ်(၁)ရက်တွင် ဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၅**

(၂၈၃)ကြိမ်မြောက် ငွေကျပ်၂၀၀ တန် အောင်ဘာလေသိန်းဆု ဖွင့်ပွဲကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် အမှတ်(၃၈၄)ရှိ အောင်ဘာလေ သိန်းဆုဌာနခွဲ ထီဖွင့်ပွဲ ခန်းမဆောင်၌ ဩဂုတ် ၁ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။ တန်ဖိုးအလိုက် ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ သုံးဆု၊ ငွေကျပ်သိန်း ၁၀၀ ၁၇ ဆု၊ ငွေကျပ် ၁၀ သိန်း ၅၁၀ ဆု၊ ငွေကျပ်ငါးသိန်း နှစ်ဆု၊ ငွေကျပ်သုံးသိန်း ၁၇၁ ဆု၊ ငွေကျပ်နှစ်သိန်း ၁၅၉၀ ဆု၊ ငွေကျပ်တစ်သိန်း ၁၅၇၃၃ ဆု အပါအဝင် ဆုမဲပေါင်း ၁၈၀၃၁ ဆု ဖွင့်လှစ်မည်ဖြစ်သည်။ **(သတင်းစဉ်)**

## ပညာသင်ထောက်ပံ့ငွေပေးအပ်

**ဂန့်ဂေါ ဇူလိုင် ၂၅**

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ ပေးအပ်သည့် ပညာသင်ထောက်ပံ့ငွေကို မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့က စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ထပ်ဆင့်ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဇူလိုင် ၂၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ ၁၆ ဦး၊ အလယ်တန်းကျောင်းသား ကျောင်းသူ ၂၃ ဦး၊ မူလတန်း ကျောင်းသား ကျောင်းသူ ၁၆ ဦးတို့အတွက် စုစုပေါင်း ပညာသင်စရိတ် ငွေကျပ် ၈၂၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၀၁)**

# ဆွေးနွေးချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုများနှင့်သာ အတိအကျသက်ဆိုင်စေရမည်ဆိုသည့် နည်းဥပဒေကိုလိုက်နာ လွှတ်တော်၌ ဆွေးနွေးရာတွင် ပုဂ္ဂိုလ်တစ်ဦး၏ အကျင့်စာရိတ္တ၊ အပြုအမူတို့နှင့် စပ်လျဉ်း၍ ဖော်ပြချက်များမပါရှိစေရ ရှေ့ဆက်လက်ဆွေးနွေးရာတွင် လွှတ်တော်ဥပဒေ၊ နည်းဥပဒေများကို တိကျစွာလိုက်နာရန် တိုက်တွန်းအသိပေး

နေပြည်တော် ဇူလိုင် ၂၅

ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်(၄၀၆)ဦး တက်ရောက်ကြသည်။

**မေးခွန်းများမေးမြန်းဖြေကြားခြင်းကဏ္ဍ**၌ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **ခရီးသွားလာသူများအနေဖြင့် အဆင့်မီ၊ ခေတ်မီသော မော်တော်ယာဉ်များဖြင့် သွားလာနိုင်ရေးအတွက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ဖြေကြားရာတွင် ရန်ကုန်မြို့တွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းကို နိုင်ငံတကာအဆင့်မီ ယာဉ်များဖြင့် စနစ်တကျ ပြေးဆွဲပေးနိုင်ရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် သွားလာနိုင်ရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ပြည်တွင်းပြည်ပရင်းနှီး မြှုပ်နှံမှုများဖိတ်ခေါ်၍ ဆောင်ရွက်လျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံမှ Oriental Transportation Enterprise Company Limited နှင့် ကုန်းလမ်းပို့ဆောင်ရေးတို့အကျိုးတူလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းလျက်ရှိပါကြောင်း၊ မြို့တွင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးပါက အခြားပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အလားတူ ရင်းနှီးမြှုပ်နှံနိုင်မည့် ပြည်တွင်းပြည်ပကုမ္ပဏီများကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း ဂျပန်နိုင်ငံမှ အဆိုပါ ကုမ္ပဏီနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့ အကျိုးတူပူးပေါင်း ဆောင်ရွက်ရန် မူအားဖြင့် သဘောတူခွင့်ပြုထားပြီး အသေးစိတ် ဆက်လက်ဆွေးနွေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်ဖက်ညှိနှိုင်းပြီးပါက အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ပြီး ရန်ကုန်မြို့တော်တွင် နိုင်ငံတကာအဆင့်မီ ခေတ်မီသောယာဉ်များဖြင့် သွားလာနိုင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။



ဆွမ်ပရာဘွမ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခမိုင်မုံကွမ် (ခ) ဦးခမိုင်တန် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ(ခ)ဦးလှမြင့်ကိုယ်စား ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးအောင်လင်းလှိုင်၏ **ပင်လယ်သဲများကို စင်ကာပူနိုင်ငံသို့ရောင်းချနေခြင်းကြောင့် ရေနေသတ္တဝါသားငါးများ ရှားပါးလာသည့်အတွက် ပင်လယ်သဲများ မရောင်းချရန် တင်ပြထားခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ဖြေကြားရာတွင် သဲတူးဖော်ထုတ်လုပ်ခြင်းကြောင့် ပင်လယ်ပြင်ရှိ သတ္တဝါများ၏ စားကျက်ပျောက်ပျက်ခြင်း၊ ရေနေသတ္တဝါများ၏ နေရာပြောင်းရွှေ့ခြင်း စသည့်ကိစ္စရပ်များအပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်ရယူ ဆောင်ရွက်သွားစေမည်ဖြစ်ပြီး လက်ရှိအခြေအနေအထိ ရေသယံဇာတ ထိခိုက်ပျက်စီးမှုသတင်းအချက်အလက် အထောက်အထား တစ်စုံတစ်ရာ လက်ခံရရှိခြင်းမရှိသေးပါကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် သဲတူး/သဲစုပ်လုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများနှင့် ဆိပ်ကမ်းအဝင်/အထွက်ရေလမ်းများ ပျက်စီးမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေကို စိစစ်တွေ့ရှိပါက လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်ကို ပြန်လည်စိစစ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပင်လယ်သဲ၊ မြစ်သဲများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကုန်သွယ်မှုအလို့ငှာ ပို့ကုန်လိုင်စင်များ လွတ်လပ်စွာတိုက်ရိုက်ထုတ်ပေးခြင်း မပြုပါကြောင်းနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိစေဘဲ မြစ်ကြောင်းများဆိပ်ကမ်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ထောက်ခံမှု၊ သဲတူးဖော်ထုတ်လုပ်ရာတွင် တာဝန်ယူကြီးကြပ်ဆောင်ရွက်ရသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၏စိစစ်ခွင့်ပြုချက်ဖြင့် ရေလမ်းကြောင်း ကောင်းမွန်စေရန် သောင်တူးရာမှထွက်ရှိသော ပင်လယ်သဲ၊ မြစ်သဲများကို ပြည်ပသို့တင်ပို့ရန် ထောက်ခံတင်ပြမှုအပေါ် အထူးကိစ္စတစ်ရပ်အနေဖြင့် ပြည်ပသို့ တင်ပို့ရောင်းချခွင့်ပြုခဲ့ကြောင်းဖြင့် ဖြေကြားသည်။

**အဆိုဆွေးနွေးခြင်းကဏ္ဍ**၌ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေး**အဆိုကို ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ် (ခ)ဦးခမိုင်တန်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်၊ မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင်၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟ၊ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်တို့က ဆွေးနွေးကြသည်။

ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုံကွမ်(ခ)ဦးခမိုင်တန်က ဆွေးနွေးရာတွင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၊ လူမျိုးစုများ၏ အခွင့်အရေးနှင့် အမျိုးသားရေး မပျက်ပြယ်အောင် ကာကွယ်စောင့်ရှောက်လက်တွဲဖော်ဆောင်ရန် တာဝန်ရှိသည့်အတွက် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အခြားကဏ္ဍများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေသကဲ့သို့ တိုင်းရင်းသားများ၏ လူနေမှုဘဝနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကိုလည်း နောက်ကျမကျန်စေရန်အတွက် တိုင်းရင်းသားများ၏ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းပြီး မူလအခွင့်အရေးကို ဆောင်ရွက်ခွင့်ပေးအပ်ရန် အချိန်ကျရောက်နေပြီဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေက ဆွေးနွေးရာတွင် အခြားသောကဏ္ဍများကို အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေသလို တိုင်းရင်းသားများ၏ ဘဝနေမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကိုလည်း နောက်ကျကျန်ရှိမနေစေဘဲ တိုင်းရင်းသားလူမျိုးများ၏ မူလအခွင့်အရေးများကို ဆောင်ရွက်နိုင်ခွင့်ပေးအပ်ရန် အချိန်ကျရောက်နေပြီ ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်က ဆွေးနွေးရာတွင် ယခုဖွဲ့စည်းပုံအခြေခံဥပဒေထဲတွင် တိုင်းရင်းသားလူမျိုးများဆိုသည့် ဝေါဟာရကို သတ်သတ်မှတ်မှတ် အဓိပ္ပာယ်ဖော်ထားခြင်းမရှိပါကြောင်း၊ ယခုဆွေးနွေးချက်များအရဆိုလျှင် ပြည်နယ်များကိုအခြေခံသည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကိုရည်ညွှန်းပြီး ဆွေးနွေးသည်ဟုမှတ်ယူပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆင်းရဲမွဲတေမှုနှင့်ပတ်သက်၍ အဆိုးရွားဆုံးဒေသများမှာ ပြည်နယ်များဖြစ်ပါကြောင်း၊ ယေဘုယျအားဖြင့်ကြည့်လျှင်ပြည်နယ်များ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေသည် ကျေနပ်ဖွယ်ရာမရှိသေးဆိုသည်ကို ထင်ရှားစွာတွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့ပြင်မိမိတို့နိုင်ငံတွင် ပြည်တွင်းစစ်မီး လုံးဝငြိမ်းသွားခြင်း မရှိသေးပါကြောင်း၊ ထို့ကြောင့်တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်းဆိုသည်မှာ ဘာသာစကား၊ ယဉ်ကျေးမှုထိန်းသိမ်းခြင်းနှင့် များစွာပိုပြီး ကျယ်ပြန့်နက်နဲသည်ဟု ဆိုနိုင်ပါကြောင်း၊ ဤသည်ကို ထောက်ထားပြီး ပင်လုံစိတ်ဓာတ်နှင့် ကွာခြား၍မရသည့် တန်းတူညီမျှရေး၊ အပြန်အလှန် လေးစားယုံကြည်ရေးတို့ကို အခြေခံပြီး စစ်မှန်သည့် ဒီမိုကရေစီပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးအတွက် လွှတ်တော်ကိုယ်စားလှယ်အားလုံး ဆွေးနွေးညှိနှိုင်းပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကိုကာကွယ်နိုင်ရန်အတွက် ဥပဒေများကို လိုအပ်သလိုပြုပြင်ခြင်း၊ ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်စေရန်တိုက်တွန်းလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင်က ဆွေးနွေးရာတွင် မိမိတို့လူမျိုးသည် ခေါင်းဆောင်ကို အားကိုးပါကြောင်း၊ ယင်းမှာ မိမိတို့လူမျိုး၏ပင်ကိုစရိုက်ဖြစ်ပါကြောင်း၊ နှစ်ပေါင်း(၁၀၀)ခန့် ကျွန်ဖြစ်ခဲ့သည့်ဘဝတွင် ရုန်းရင်းကန်ရင်းဖြင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပေါ်ပေါက်လာခဲ့ပါကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းသည် တစ်နိုင်ငံလုံးကိုစည်းရုံးနိုင်ပြီး တစ်နိုင်ငံလုံးက တကယ့်ခေါင်းဆောင်အဖြစ် နှစ်နှစ်ကာကာယုံကြည်ကြသူတစ်ဦးဖြစ်ပါကြောင်း၊ သို့သော် မိမိတို့ကံဆိုးရန်ဖြစ်လာသည်က လွတ်လပ်ရေးရရှိမည့်ကာလတွင် ရုတ်တရက်ကျဆုံးသွားခဲ့ပါကြောင်း၊ တစ်ပြိုင်နက်တည်း သမိုင်းအလိုအရ မိမိတို့နိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်းကို တမ်းတသည့် ခေါင်းဆောင်လိုအပ်ချက် ဟာကွက်ကြီးပေါ်သွားခဲ့ပါကြောင်း၊ ယင်းဟာကွက်ကို ယခုနှစ်ပေါင်း (၄၀) ကျော်စောင့်ကြည့်သည့်အခါတွင် အစားထိုးနိုင်မည့် ခေါင်းဆောင်တစ်ယောက်ပေါ်လာခဲ့ပါကြောင်း၊ ယင်းမှာ ဤလွှတ်တော်ထဲသို့ ရောက်ရှိနေသည့် ဒေါ်အောင်ဆန်းစုကြည်ဖြစ်ပါကြောင်း၊ ပြည်သူတစ်ရပ်လုံး၏အမြင်တွင် ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးသားခေါင်းဆောင်ကြီး၏ ကိုယ်ပွား၊ အမျိုးသားခေါင်းဆောင်ကြီး၏ ကိုယ်စားဟု မြင်နေကြပါကြောင်း၊ ယင်းခေါင်းဆောင်ကို မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချရန်ပင်ရှိကြောင်း၊ မိမိတို့ ခေါင်းဆောင်ကောင်း တွေ့နေသည့်အချိန်တွင် ခေတ်သစ်တစ်ခုကို တည်ထောင်ရန်အတွက် ညီညီညွတ်ညွတ် သမ္မတကြီးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဆက်လက်ပြီး ဖော်ဆောင်သွားမည်ဆိုလျှင် မိမိတို့လိုချင်သည့် စစ်မှန်ပြီးဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်လာနိုင်သည်ဟု အကြံပြုတင်ပြလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဦးကျော်သီဟက ဆွေးနွေးရာတွင် ယခုလွှတ်တော်အတွင်း ရောက်ရှိနေကြသည့် တိုင်းရင်းသားလူမျိုးများအားလုံး လွတ်လွတ်လပ်လပ်ဖြင့် ဆွေးနွေးပြီး ဥပဒေများပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေကြသည့်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ယခုအဆိုအား ၂၀၁၅ မတိုင်ခင်အချိန်အတွင်း တိုင်းရင်းသားအားလုံး လက်တွဲညီညီနှင့်သွေးချာစွာ လက်မှတ်ရေးထိုးပြီး ဥပဒေပြဋ္ဌာန်းလာနိုင်ခဲ့ပါက အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ကြီး ဖြစ်လာမည်ဆိုသည်ကို ယုံကြည်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူက ဆွေးနွေးရာတွင် လွှတ်တော်မှဆွေးနွေးချက်များသည် တိုင်းရင်းသားပေါင်းစုံပါဝင်ဆွေးနွေးနိုင်ပြီး အနာဂတ် ပြည်ထောင်စုညီလာခံကြီးဖြစ်ပေါ်လာစေရန် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးအပေါ် အာမခံပေးမည့်၊ ကာကွယ်စောင့်ရှောက်ပေးမည့် ဥပဒေပြဋ္ဌာန်းချက်များဖြစ်စေရန် လိုပါကြောင်း၊ လွှတ်တော်ထဲရှိ တိုင်းရင်းသားကိုယ်စားလှယ်များအနေဖြင့် နည်းဥပဒေ အချက်အလက်ဆွေးနွေးရာတွင် ပွင့်လင်းသင့်သလောက် မပွင့်လင်းနိုင်သည်ကို တွေ့ရပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့်ပတ်သက်၍ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများအပြင် နိုင်ငံရေးအရ အထူးလိုအပ်တောင်းဆိုခဲ့ကြသည့် အသိအမှတ်ပြုမှုဆိုသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ရပ်တည်ခွင့် အခွင့်အရေးများကို နိုင်ငံတော်၏ အခြေခံမူ(၃)ချက်ဖြစ်သော ဒွိတာဝန်အရေးသုံးပါးနှင့် ညီညွတ်မျှတသော ဥပဒေတစ်ရပ်သတ်မှတ်ပြဋ္ဌာန်းပေးရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးသည်။

ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်က ဆွေးနွေးရာတွင် ယနေ့အချိန်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ခုနှစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်နေသောအချိန်ဖြစ်ပါကြောင်း၊ လွှတ်တော်၌ ခေတ်နှင့်လိုက်လျောညီထွေမဖြစ်တော့သည့် ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အဟန့်အတားဖြစ်စေသည့် ဥပဒေများကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိသော ဥပဒေသစ်များပြဋ္ဌာန်းခြင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ပြုလုပ်နေပါကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင်များဖြစ်သော တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေးမှာ လွန်စွာအရေးကြီးပါကြောင်းဖြင့် ဆွေးနွေးသည်။



ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင် မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

အဆိုဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အသိပေးတင်ပြရာတွင် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် အဆိုကိုမဆွေးနွေးမီ ပြည်သူ့လွှတ်တော် နည်းဥပဒေ ၁၃၀၊ ပုဒ်မခွဲ(စ)ကို အားလုံးသတိပြုဆွေးနွေးစေလိုကြောင်း၊ နည်းဥပဒေ ၁၃၀ (င)တွင် သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အကျင့်စာရိတ္တ၊ အပြုအမူနှင့်စပ်လျဉ်း၍ဖော်ပြချက်များမပါရှိစေရ ပုဒ်မခွဲ(စ)တွင် အဆိုတစ်ရပ်ကို ဆွေးနွေးရာ၌ ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုများနှင့်သာ အတိအကျသက်ဆိုင်စေရမည်ဆိုသည့် နည်းဥပဒေကို လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုက်နာရန်လိုအပ်ပါကြောင်း၊ ထပ်မံ၍ လွှတ်တော်ကိုယ်စားလှယ်များကို တင်ပြလိုသည်မှာ ပြည်သူ့လွှတ်တော် နည်းဥပဒေ ပုဒ်မ ၁၃၀၊ ပုဒ်မခွဲ (င)တွင် သာမန်အားဖြင့် ပုဂ္ဂိုလ်တစ်ဦး၏ အကျင့်စာရိတ္တ အပြုအမူနှင့်စပ်လျဉ်း၍ ဖော်ပြချက်များမပါရှိစေရ၊ အကျင့်စာရိတ္တအပြုအမူဆိုသည်မှာ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ အပိုဒ်ခွဲ(စ)တွင် အဆိုတစ်ရပ်ကိုဆွေးနွေးရာ၌ ပြောဆိုချက်များသည် လွှတ်တော်တွင် ဆွေးနွေးဆဲအဆိုနှင့်သာ အတိအကျသက်ဆိုင်စေရမည် ဆိုသည်ကို လွှတ်တော်ကိုယ်စားလှယ်များ အားလုံးလွယ်ကူစွာနားလည်နိုင်သည့် ပြဋ္ဌာန်းချက်များဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ရှေ့ဆက်လက်ဆွေးနွေးရာတွင် ဆွေးနွေးမည့်ကိစ္စအား လွှတ်တော်ဥပဒေ၊ နည်းဥပဒေများကို တိကျစွာ လိုက်နာရန်တိုက်တွန်း အသိပေးပြောကြားလိုကြောင်း။

ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများလိုက်နာဆောင်ရွက်ရေးကို ရည်ညွှန်းပြီး လွှတ်တော်သို့ မိမိတင်ပြခဲ့ပါကြောင်း၊ ဇဝေဇဝါဖြစ်မည်စိုး၍ မိမိထပ်မံ တင်ပြလိုပါကြောင်း၊ ယခု ဆွေးနွေးသွားသည့်အထဲတွင် ဦးအုန်းကြိုင်၏ဆွေးနွေးချက်များအား လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် သေချာစွာနားထောင်ပြီး ဥပဒေ၊ နည်းဥပဒေနှင့် ညီ/မညီ စိစစ်ပြီး လွှတ်တော်သို့တင်ပြရခြင်းဖြစ်ပါကြောင်း၊ ယင်းကဲ့သို့ ယခု မိမိအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ သိရှိလိုက်နာရန်တင်ပြသည့်နေရာတွင် ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူက ပဏာမစကားပြောကြားခွင့်တောင်းခံခဲ့ပါကြောင်း၊ ဆွေးနွေးသည့်နေရာတွင် လွှတ်တော်နှင့် သက်ဆိုင်သည့်ကိစ္စများပါသည့်အတွက် ပိုမိုရှင်းလင်းအောင် ကျန်ရှိသည့် ပုဂ္ဂိုလ်များ ဆွေးနွေးသည့်အခါ ပိုမိုရှင်းလင်းစေရန် မိမိအနေဖြင့်ကြားဖြတ်ရှင်းလင်း တင်ပြလိုကြောင်း၊ တင်ပြချက်တွင် လွှတ်တော်ထဲရောက်ရှိနေကြသည့် တိုင်းရင်းသား ကိုယ်စားလှယ်များအနေဖြင့် လွှတ်တော်ထဲတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခြင်း မရှိဘူးဆိုသည့်အချက်နှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကန့်ကွက်ပါကြောင်း၊ သတိပေးပါကြောင်း၊ ကြိုက်သည့် တိုင်းရင်းသားများကို မေးကြည့်နိုင်ပါကြောင်း၊ ဒုတိယအချက် အနေဖြင့် ဥပဒေပြုရန်ကိစ္စသည် လွှတ်တော်၏အဓိကတာဝန် ဖြစ်ပါကြောင်း၊ ယနေ့ခေတ်၊ ယနေ့စနစ်တွင် ယခင်ကမရှိခဲ့သည့် လွှတ်တော်ပေါ်ပေါက်နေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ပေါ်ပေါက်ခဲ့ရာတွင် လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေး တာဝန်ဖြစ်ပါကြောင်း၊ ဒုတိယတာဝန်မှာ လွှတ်တော်က ပြဋ္ဌာန်းအတည်ပြုလိုက်သော ဥပဒေများ၊ တည်ဆဲဥပဒေများကို သက်ဆိုင်ရာတာဝန်ရှိ အဖွဲ့အစည်းများနှင့် ပြည်သူတစ်ရပ်လုံးက လိုက်နာမှု ရှိ/မရှိကို လွှတ်တော်ကိုယ်စားလှယ်များက စောင့်ကြည့်ပြီး အပြန်အလှန်ထိန်းကျောင်းရေး တာဝန်ဖြစ်ကြောင်း၊ ဥပဒေပြုရေးနှင့် ပတ်သက်၍ လွှတ်တော်ကဥပဒေပြုသည့်နေရာတွင် လွှတ်တော်မှာရှိသည့် ကိုယ်စားလှယ်များက ပြည်ထောင်စုအဆင့်ဌာနများကတင်ပြလာသည့် ဥပဒေကြမ်းများကို အချင်းချင်း ညှိနှိုင်းတိုင်ပင်ဆုံးဖြတ်ပြီး ဥပဒေပြုကြပါကြောင်း၊ ဤသို့ ဥပဒေပြုရာတွင် ပြည်သူများ၏ဆန္ဒသဘောထားများကို ရယူနိုင်ရန်အတွက် ဥပဒေကြမ်းတစ်ရပ် တင်သွင်းမည်ဆိုပါက ပြည်သူများသိရှိနိုင်စေရန် သတင်းစာများတွင် ထုတ်ပြန်ကြေညာပေးပါကြောင်း၊ သို့မှသာ ပြည်သူများကလည်း ဥပဒေပြုသည့်လုပ်ငန်းတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်လာနိုင်မည်ဖြစ်ပါကြောင်း၊ အနီးဆုံးဥပမာအနေဖြင့် ပြောရမည်ဆိုပါက ရန်ကုန်မြို့ရှိ MICT ခန်းမ၌ အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကော်မတီများ၊ မိမိအပါအဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြည်သူများတင်ပြသည့်အသံကို သေသေချာချာမှတ်သားပြီး ပြည်သူတို့၏ စိုးရိမ်ပူပန်မှုများ၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးကို ထိခိုက်နိုင်သည်ဟု ကြားသိရသည့်အတွက် မိမိတို့ ပြည်သူ့လွှတ်တော်ကဆွေးနွေးပြီး အမျိုးသားလွှတ်တော်ကို ပြန်လည်ပေးပို့ထားသည့် ဆွေးနွေးချက်များကို ပြန်လည်ပေးဖို့ရန်တောင်းခံခဲ့သည့်အတွက် ယင်းဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် ပြန်လည်ဆွေးနွေးလျက်ရှိပါကြောင်း၊ ပြည်သူများ၏ ဆန္ဒသဘောထားသည် နိုင်ငံနှင့်နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဖြစ်သည်ဟု တင်ပြလာသည့်အတွက် မိမိတို့လွှတ်တော်တွင်ဆွေးနွေးခြင်း ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဥပဒေပြဋ္ဌာန်းသည့်နေရာတွင် လွှတ်တော်အနေဖြင့် အများပြည်သူများ၏ သဘောထား ဆန္ဒများကိုရယူပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆောင်ရွက်နေသည်ဆိုသည်ကို လွှတ်တော်သို့အသစ်ရောက်ရှိလာသည့် ကိုယ်စားလှယ်များအားအသိပေးရင်း ကျန်လွှတ်တော်ကိုယ်စားလှယ်များကိုလည်း အသိပေးခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်ကပြဋ္ဌာန်းရမည့် ဥပဒေအစား တိုင်းရင်းသားကိုယ်စားလှယ်များ ပြဋ္ဌာန်းရန်လိုသည့် ကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းအောင်ထပ်မံပြောကြားလိုပါကြောင်း၊ ယနေ့ပြည်သူ့လွှတ်တော်တွင် မြို့နယ်ပေါင်း (၃၃၀)မှ ကိုယ်စားလှယ်များနှင့် တပ်မတော်သား ကိုယ်စားလှယ်များပါဝင်ပါကြောင်း၊ သက်ဆိုင်ရာ နယ်မြေအသီးသီးတွင်ရှိသည့် ပြည်သူများကိုကိုယ်စားပြုသည့် ပြည်သူ့ ကိုယ်စားလှယ်များသည် တစ်နိုင်ငံလုံးလွှမ်းခြုံပြီး လွှတ်တော်ထဲတွင် ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ယနေ့ခေတ်၊ ယနေ့ကာလတွင် ပေါ်ပေါက်ခဲ့သည့် လွှတ်တော်၏ လုပ်ငန်းတာဝန်များကျေပွန်ရန်ဆိုပါက လွှတ်တော်ထဲတွင်ရှိသည့် ကိုယ်စားလှယ်များက တာဝန်ခံဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ သို့ဖြစ်၍ ဥပဒေပြုရေးကိစ္စတွင် အချိန်ကို စောင့်ဆိုင်းရမည်ဖြစ်သကဲ့သို့ တစ်ဖက်ကလည်း ပြုသင့်သည့်ဥပဒေများကို ပြုရမည် ဖြစ်ပါကြောင်း၊ ယင်းသို့ဆောင်ရွက်ရမည်ကို မိမိတို့လွှတ်တော် စတင်ဖွဲ့စည်းကတည်းက လွှတ်တော်အနေဖြင့် တည်ဆဲဥပဒေများကိုသုံးသပ်ပြီး ပြင်ဆင်၊ ပယ်ဖျက်၊ အစားထိုး၊ အသစ်ပြဋ္ဌာန်းရမည်ဆိုသည့် ခံယူချက်များဖြင့် ဥပဒေပြုရေး လုပ်ငန်းများကို လွှတ်တော်ကိုယ်စားလှယ်များက ကြိုးစားပမ်းစားဆောင်ရွက်နေပါကြောင်း၊ သို့ဖြစ်၍ အသစ်ထပ်မံရောက်ရှိလာကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခင်ရောက်နှင့်ပြီးသား လွှတ်တော်ကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန် တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

**အဆိုတင်သွင်းခြင်းကဏ္ဍ**၌ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က **Good Governance (ကောင်းမွန်သောအုပ်ချုပ်ရေး)၊ Clean Government (သန့်ရှင်းသောအစိုးရ) ဖြစ်ပေါ်စေရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ဝင်များ၊** *စာမျက်နှာ ၇ ကော်လံ ၁*

26-7 (06).pmd 1 7/26/2012, 2:35 AM

# ကွန်ပျူတာတက္ကသိုလ်များ၏ ပညာရည်မြင့်မားရေး ဆရာကြီး ဆရာမကြီးများနှင့် ပြင်ပမှ ကျွမ်းကျင်ပညာရှင်များပူးပေါင်းကြိုးပမ်း

**နေပြည်တော် ဇူလိုင် ၂၅**

ကွန်ပျူတာတက္ကသိုလ်များ၏ ပညာရည် မြင့်မားရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ ပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို ဇူလိုင် ၂၂ ရက် မွန်းတည့် ၁၂ နာရီတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အစည်းအဝေးခန်းမ၌ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာ တက္ကသိုလ်တို့အား အဆင့်မြင့်နည်းပညာ တက္ကသိုလ် (Centre of Excellence) များအဖြစ် အဆင့်တိုးမြှင့်သကဲ့သို့ ကွန်ပျူတာတက္ကသိုလ်အချို့ကိုလည်း အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ် (Centre of Excellence) များအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက် ကွန်ပျူတာတက္ကသိုလ်များ၏ ပညာရည်မြင့်မားရေးကို ကွန်ပျူတာတက္ကသိုလ်များမှ ဆရာကြီး ဆရာမကြီးများနှင့် ပြင်ပမှ ကွန်ပျူတာကျွမ်းကျင်ပညာရှင်များ ပူးပေါင်းကြိုးပမ်းကြရန်လိုကြောင်း၊ အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ်များအဖြစ် တိုးမြှင့်နိုင်ရေးအတွက် ထိုတက္ကသိုလ်များတွင် သင်ကြားပေးမည့် သင်ရိုးညွှန်းတမ်းများကို နိုင်ငံတကာ စံရည်စံညွှန်းများ၊ ပြည်တွင်းပြည်ပဈေးကွက်လိုအပ်ချက်များ၊ ပြဋ္ဌာန်းထားသောနည်းဥပဒေများ၊ ပြင်ပ၌ လက်တွေ့အသုံးချနေသော နည်းပညာရပ်များနှင့်အညီ ညှိနှိုင်းပြဋ္ဌာန်းပေးရမည်ဖြစ်ကြောင်း၊ လက်တွေ့အသုံးကျသော ခေတ်မီ၍ အသုံးတည့်သော သင်ရိုးများဖြစ်ရေးကို ညှိနှိုင်းရေးဆွဲရမည်ဖြစ်ကြောင်း၊ သို့မှသာ ကွန်ပျူတာတက္ကသိုလ်များ၏ ပညာရည်မြင့်မားလာပြီး အဆင့်မြင့်ကွန်ပျူတာတက္ကသိုလ် (Centre of Excellence)များအဖြစ် တိုးမြှင့်သင်ကြားပေးနိုင်မည်ဖြစ်ကြောင်း။

ကွန်ပျူတာသိပ္ပံဘွဲ့နှင့် ကွန်ပျူတာနည်းပညာဘွဲ့သင်တန်းကာလကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ ငါးနှစ်သို့တိုးမြှင့်သတ်မှတ်ထားပြီးဖြစ်၍ ကျောင်းသားကျောင်းသူများ၏ ပညာရည်မြင့်မားပြီး နိုင်ငံတကာ အဆင့်မီရန်အတွက် ဆရာ ဆရာမများအနေဖြင့် စာတွေ့လက်တွေ့ ဟန်ချက်ညီညီ လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ကျောင်းသား ကျောင်းသူများအား လုပ်ငန်းခွင်တွင် အကျိုးရှိရှိအသုံးချနိုင်ရန် Advanced Technology များကိုလည်း သင်ကြားပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကွန်ပျူတာတက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာကြီး ဆရာမကြီးများက လက်ရှိမြန်မာနိုင်ငံ၏ ကွန်ပျူတာပညာရေးစနစ်၏ အခြေအနေ၊ တွေ့ကြုံနေရသော အခက်အခဲများ၊ လိုအပ်ချက်များနှင့် မြန်မာနိုင်ငံ၏ ကွန်ပျူတာပညာရေးစနစ်အား နိုင်ငံတကာ အဆင့်သို့ အဆင့်အလိုက် မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးအတွက် ဆောင်ရွက်သွားသင့်သည့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို ဆွေးနွေးအကြံပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦးနှင့် ကွန်ပျူတာ ပညာရှင်ကြီးများက နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေသော ကွန်ပျူတာ ပညာရေးစနစ်နှင့် မြန်မာနိုင်ငံ၏ လက်ရှိ ကွန်ပျူတာပညာရေးစနစ်တို့ကို ချိန်ထိုးနှိုင်းယှဉ်၍ မြန်မာနိုင်ငံ၏ ကွန်ပျူတာ ပညာရေးစနစ်အား အာဆီယံအဆင့်မှ နိုင်ငံတကာအဆင့်သို့ အဆင့်အလိုက် ပြုပြင်ပြောင်းလဲဆောင်ရွက်သွားသင့်သည့် လုပ်ငန်းစဉ်များကို မိမိတို့၏ အတွေ့အကြုံများနှင့်ယှဉ်၍ တစ်ဦးချင်းဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာ တက္ကသိုလ်ရှိ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ဆရာ ဆရာမများအနေဖြင့် နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်ဝ၍ ထူးချွန်သော ကွန်ပျူတာဘွဲ့ရ ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေး အဓိကထား ကြိုးစား သင်ကြားပေးနိုင်ရေးအတွက် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် နေပြည်တော် လယ်ဝေးမြို့နယ် မြို့နယ်ဆေးရုံ ခုတင်(၁၀၀) ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# အခြေခံကုသနည်းများ ကျွမ်းကျင်စွာ သင်ယူတတ်မြောက် အသုံးပြု ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများအား ယုံကြည်အားကိုးမည်

**နေပြည်တော် ဇူလိုင် ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်လယ်ဝေးမြို့နယ် မြို့နယ်ဆေးရုံ ခုတင်(၁၀၀) သို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လယ်ဝေးမြို့နယ် ခုတင်(၁၀၀) ဆေးရုံရှိ ပြင်ပလူနာဌာန၊ Ultrasound နှင့် ဓာတ်မှန်စက်များအသုံးပြုမှု၊ ဓာတ်ခွဲခန်း၊ သွားဘက်ဆိုင်ရာဆေးကုသခန်း၊ ဆေးအရောင်းဆိုင်၊ ဆေးထည့်ခန်း၊ ကလေးဖျားနာဆောင်၊ သားဖွားနှင့် မီးယပ်ကုသဆောင်၊ ခွဲစိတ်ကုသဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဆရာဝန်သူနာပြုများအနေဖြင့် မွေးကင်းစကလေး ပြုစုကုသနည်းများကို စနစ်တကျ လက်တွေ့သင်ယူထားကြရန်၊ အရေးပေါ်လူနာပြုစုကုသနည်းဖြင့် အသက်ကယ်နိုင်သည့် အခြေခံကုသနည်းများကို ကျွမ်းကျင်စွာ သင်ယူတတ်မြောက်အသုံးပြုနိုင်မှသာလျှင် ပြည်သူများအနေဖြင့် ကျန်းမာရေးဝန်ထမ်းများအား ယုံကြည်အားကိုးမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ လယ်ဝေးမြို့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ထမ်း သင်တန်းကျောင်းသို့သွားရောက်ပြီး သင်တန်းတက်ရောက်လျက်ရှိသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး သင်တန်းသားများနှင့်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးများအနေဖြင့် လူနာ၏ အသက်နှင့် ကျန်းမာရေးကို ဆောင်ရွက်ပေးရမည့် ဆရာဝန်များဖြစ်၍ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုနှင့် ဆရာဝန်တစ်ဦး ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ ပြည့်မီရမည်ဖြစ်ကြောင်း၊ ဆရာဝန်တစ်ဦးသည် လူနာများအား အဆင့်အတန်းရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနိုင်ရန်နှင့် သဘောထားခံယူချက်ကောင်းမွန်၍ အသိပညာပြည့်စုံရန်လိုအပ်ကြောင်း၊ ခေတ်နှင့်အညီပြောင်းလဲနေသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေးစနစ်နှင့် ကိုက်ညီအောင် လိုက်မီနိုင်ရန် လေ့လာကြိုးပမ်းသင်ယူကြရမည်ဖြစ်ကြောင်း၊ ဆရာဝန်တစ်ဦးအနေဖြင့် ရောဂါ၊ လူနာ၊ ကုထုံးနှင့်ဆေးဝါးများအကြောင်း သိရှိနားလည်ထားရန် ကြိုးစားသင်ယူလေ့လာဆည်းပူးသွားကြရန်၊ ပြည်သူများ၏ ယုံကြည်လေးစားအားကိုးမှုရရှိစေရန် ကြိုးပမ်းသွားကြရန် အရေးကြီးပါကြောင်း၊ လိုအပ်ပါကြောင်းဖြင့် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ဝမ်းတွင်းမြို့နယ် စစ်မှုထမ်းဟောင်းသားသမီးများ ပညာသင်စရိတ် ထောက်ပံ့ပေးအပ်ခြင်းနှင့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသူအား ဂုဏ်ပြုဆုငွေပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသန့်ဇင်(ငြိမ်း)က အဖွဲ့ဝင်များ၏သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့စဉ်။ (၄၁၄)

*စာမျက်နှာ ၆ မှ*

**တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များအဖြစ် တာဝန်ပေးအပ်ခံရသူများသည် ၎င်းတို့၏ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့်အကျိုးစီးပွားများကို ထုတ်ဖော်ကြေညာပြီး မှတ်တမ်းတင်ထားရန်** အဆိုကို တင်သွင်းရာ မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ လက်ခံဆွေးနွေးရန် လွှတ်တော်ကဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီအရောက် အမည်စာရင်းပေးပို့ကြရန်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ်၏ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရေး** အဆိုကို လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်နှင့် မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်တို့က ဆွေးနွေးကြသည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်က ဆွေးနွေးရာတွင် ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများနှင့်ပတ်သက်ပြီး တန်းတူညီမျှအခွင့်အရေးပေးထားပြီးဖြစ်ပါကြောင်း၊ သို့သော် အတိတ်သမိုင်းကြောင်းအတွေ့အကြုံအရ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေများတွင် နိုင်ငံသားများ၏မူလအခွင့်အရေးနှင့် တာဝန်များပါရှိသော်လည်း အခြေအနေအကြောင်းကြောင်းကြောင့် တိုင်းရင်းသားများ၏တန်းတူညီမျှ အခွင့်အလမ်းများ ဆုံးရှုံးခဲ့ရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပါရှိသော်လည်း လျစ်လျူရှုမခံရအောင် ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ စာပေ၊ အနုပညာ၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ရာထူးခန့်ထားရေးများ အပါအဝင် တိုင်းရင်းသားများ၏ အခွင့်အရေးကို တန်းတူညီမျှခံစားရရှိနိုင်ရန်အတွက် သက်ဆိုင်ရာဥပဒေများတွင် ပြဋ္ဌာန်းပေးရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မိုးနဲမဲဆန္ဒနယ်မှ ဦးစိုင်းကျော်မြင့်က ဆွေးနွေးရာတွင် လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲ မထားရှိဘဲ နယ်စွန်နယ်ဖျားတိုင်းရင်းသားများ၏ တန်းတူရည်တူ အခွင့်အရေးရရှိရေးကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

အစည်းအဝေး၌ မေးခွန်း(၂)ခုမေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်းနှင့် အဆိုအသစ်(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယနေ့အစည်းအဝေးကို မွန်းတည့် ၁၂ နာရီတွင်ရပ်နားပြီး အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ထားဝယ်လေဆိပ် လေယာဉ်ကွင်းအတွင်း အချိန်မီဆေးကုသရန် လိုအပ်လျက်ရှိသည့် လူငယ်တစ်ဦးအား ထားဝယ်လေဆိပ်မှ ရန်ကုန်လေဆိပ်သို့ လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ဖေးမကူညီပို့ဆောင်ပေးခဲ့သည့် မြန်မာ့လေကြောင်းမှ လေယာဉ်မှူး ဦးသန်းထွေးအား ဆေးကုသခံယူခဲ့သည့် မောင်ရှင်းသန့်ကျော်၏ မိသားစုကိုယ်စား ထားဝယ်မြို့နယ် သတင်းထောက် ဦးခင်မောင်ကြီးက ဇူလိုင် ၁၉ ရက်တွင် အမှတ်တရလက်ဆောင်ပေးအပ်စဉ်။ (၁၅၂)



## မြန်မာ့အလင်း ပြည်သူကြားမှ စကားသံ

## ဒါ. . . မြန်မာ (အုတ်ဖိုစံ)

*အလုပ်ကိစ္စဟူသမျှဝယ်. . . မြန်မြန်ဆန်ဆန်. . . စိတ်ထားပျော့ညံ့မှုမရှိ. . . ရဲရင့်ခိုင်မာစွာ အားထုတ်တတ်သူကို . . . မြန်မာ. . . ဟုခေါ်ကြောင်း သိရပေသည်။ တစ်နည်းအားဖြင့်. . . ဗြူဟိတာ. . ဝမိုတာ. . . ဟူသော ပါဠိအရ. . . ဗြဟ္မာမှ ဆင်းသက်လာသောကြောင့်. . . မြန်မာ. . . ဟုလည်း ခေါ်သေးသည်။*

*မေတ္တာ. . . ကရုဏာ. . . မုဒိတာ. . . ဥပေက္ခာ. . . ဟူသော တရားများဖြင့် နေထိုင်တတ်သူကို ဗြဟ္မာဟုခေါ်ပေသည်။ ထိုတရားများကို ဗြဟ္မာတို့ အမြဲကျင့်သုံးလိုက်နာသောကြောင့် ဗြဟ္မစာရမှ ဗြဟ္မစိုရ်ဟုခေါ်ပေသည်။ ထိုဗြဟ္မာများ ကျင့်သုံးနေထိုင်သကဲ့သို့ နေထိုင်ကျင့်သုံးသော လူမျိုးကို ဗြဟ္မာနှင့်တူသောကြောင့် (ဗြဟ္မာလူမျိုးမှ) မြန်မာလူမျိုးဟု ခေါ်ကြောင်းလည်း ထပ်ဆင့်ဂုဏ်ယူဖွယ် သိရှိရပြန်ပါသည်။*

*ဤလောကဝယ် ရုပ်ဝတ္ထုပစ္စည်းတွေ ပေါလိုက်သမှ ရှောင်မလွတ်အောင်ပင်။ ထိုပေါသည့်အထဲ တစ်နေ့ထက်တစ်နေ့ ခေတ်မီဆန်းပြား ထူးခြားလှသောပစ္စည်းများကလည်း မျက်စိလည်မတတ်ပေါလှပေသည်။ ရန်ကုန်မြို့ ကြီးမပြောနှင့် နယ်မြို့လေးများမှာပင် အံ့သြရလောက်အောင် ပေါများလှပေသည်။*

*အရှားဆုံးပစ္စည်းကား ဗြဟ္မစိုရ်(ခေါ်) မြန်မာ့စိတ်ဓာတ်ပင်၊ နေ့စဉ် ဖတ်ရသော သတင်းစာပေါင်းများစွာ၊ ဂျာနယ်၊ စာစောင်ပေါင်းများစွာ၌ ထိုမြန်မာ့စိတ်ဓာတ် ဖော်ညွှန်းသော ဗြဟ္မစိုရ်သတင်းကား ရှားပါးလှပေသည်။ ထိုမျှရှားပါးလှသော၊ တန်ဖိုးမဖြတ်နိုင်အောင်ရှိလှသော ဗြဟ္မစိုရ်သတင်းတစ်ပုဒ်ကို ၁၄-၇-၂၀၁၂ (မြန်မာလို ၁၃၇၄ ခု ပထမဝါဆိုလပြည့်ကျော် ၁၁ ရက် စနေနေ့)ထုတ် မြန်မာ့အလင်း စာမျက်နှာ ပါ* ***အံ့သြချီးမွမ်းဖွယ်ကရုဏာရှင်လေယာဉ်မှူး*** *ဟူသော ခေါင်းစီးပါ သတင်းဆောင်းပါးကို မမျှော်လင့်ဘဲ တွေ့ရသဖြင့် သတင်းဆုံးသည်နှင့် သာဓုအကြိမ်ကြိမ်ခေါ်ခဲ့ရပါသည်။ ရှားပါးသော သတင်းကောင်းတစ်ပုဒ်ပင်ဖြစ်ပါပေ၏။*

*မြန်မာတွင်မက ကမ္ဘာတစ်ဝန်းလုံးမှာပါ လိုနေသော(ရှားပါးလှသော) သတင်းကောင်းသတင်းထူးပေတည်း။ ထိုသတင်းမျိုး ဤဒီမိုကရေစီခေတ်ကြီးတွင် များများရှိဖို့ လိုအပ်ပေသည်။ ထိုသတင်းမျိုးများလေ အများမျှော်လင့်သည့် တိုးတက်သည့်နိုင်ငံအဖြစ်သို့ အမြန်ရောက်လေဖြစ်မည်မှာ မလွဲပေ။ နိုင်ငံပေါင်းများစွာတွင် လက်ညှိုးထိုးမလွဲရုပ်ဝတ္ထုဟုဆိုအပ်သော ခေတ်မီပစ္စည်းများ တအံ့တသြရှိရလောက်အောင်ပင် တိုးတက်ပေါများနေပါသော်လည်း ထိုဗြဟ္မစိုရ်တည်းဟူသော စိတ်ဓာတ်ကောင်းများ မရှိသမျှ၊ မတိုးပွားသမျှ အိတ်ပေါက်နှင့်ဖားကောက်နေရမည့် အခြေအနေသာ ရှိမည်မုချဖြစ်သည်။ ထိုကဲ့သို့သော ဗြဟ္မစိုရ်သတင်းများ များများပေါ်ဖို့လိုပေသည်။ ဆိုင်ရာတို့မှလည်း ထိုသတင်းများကို များများထည့်ပေးရန် သင့်ပါသည်။ သို့မှသာ* ***“သူတော်ကောင်းနဲ့ ပေါင်းတဲ့အခါ သူတော်ကောင်းဘက်ပါ”*** *ဆိုသကဲ့သို့ အချင်းချင်းဓာတ်ကူးပြီး အားလုံးမှာ ပြန့်နေမည်ဖြစ်သည်။ ဗြဟ္မစိုရ်ခေါ်သော . . . တစ်နိုင်ငံလုံး. . .*

*၁။ အများအကျိုးကို အားထုတ်သော၊ အများအကျိုးဆောင်သော* ***မေတ္တာဓာတ်တွေ ပြန့်နေမှ. . .***

*၂။ သနားထိုက်သူကို သနားကြင်နာသော* ***ကရုဏာဓာတ်တွေ ပြန့်နေမှ***

*၃။ ဝမ်းမြောက်ထိုက်သူကို လှိုက်လှိုက်လှဲလှဲဝမ်းမြောက်စေသည့်* ***မုဒိတာဓာတ်တွေ ပြန့်နေမှ***

*၄။ အထက်(မေတ္တာ-ကရုဏာ-မုဒိတာ)အတိုင်း အားထုတ်ပါသော်လည်း အဆင်မပြေနိုင်၊ မိမိလိုလားချက်မပြည့်သည့်အခါ လျစ်လျူရှုနေရသော. . .* ***ဥပေက္ခာစိတ်ဓာတ်တွေပြန့်နေမှ. . .***

*ဤလောကကြီး ကြီးပွားတိုးတက်ချမ်းသာမည်မှာ မုချဖြစ်သည်။ ထိုဗြဟ္မစိုရ်စိတ်ဓာတ်များ အထက်ပါလေယာဉ်မှူးကြီးကဲ့သို့ လက်တွေ့အကောင်အထည်ပေါ်အောင် အားထုတ်ကြပါလျှင်. . . လွန်စွာကြည်နူးဖွယ်ဖြစ်ကြောင်းနှင့် ယခုကဲ့သို့ မမျှော်လင့်ဘဲ ကြုံလာသည့်အခါ. . . မိမိ၏မြန်မာ့စိတ်ဓာတ်ကို လက်တွေ့ပြနိုင်လေကောင်းလေ. . . ဟု၊ လက်တွေ့ပြကြပါဟု. . . အားလုံးကို တိုက်တွန်းအသိပေးရပါကြောင်း။*

26-7 (07).pmd 1 7/26/2012, 2:35 AM

နိုင်ငံတကာသတင်းများ

# အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဟောင်း မူခါဂျီး အိန္ဒိယသမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆို



နယူးဒေလီ ဇူလိုင် ၂၅

အိန္ဒိယဘဏ္ဍာရေးဝန်ကြီးဟောင်း ပရာနက်မူခါဂျီးသည် ဇူလိုင် ၂၅ ရက်က အိန္ဒိယနိုင်ငံ၏ (၁၃) ဦးမြောက် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ **(ယာပုံ)**

မစ္စတာ မူခါဂျီးသည် မြို့တော်နယူးဒေလီရှိ ဗဟိုပါလီမန်ခန်းမကြီး၌ တရားသူကြီးချုပ် အက်စ်အိတ်ချ်ကပါဒီယာ၏ ရှေ့မှောက်တွင် ကျမ်းသစ္စာ ကျိန်ဆိုခဲ့ခြင်းဖြစ်သည်။ ၎င်းသည် အိန္ဒိယနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးသမ္မတ ပရာတီဟာပါတေးလ်၏နေရာတွင် ငါးနှစ်သမ္မတသက်တမ်း ထမ်းဆောင်ရမည်ဖြစ်သည်။ အဆိုပါကျမ်းသစ္စာကျိန်ဆိုပွဲအခမ်းအနားသို့ ဒုတိယသမ္မတ ဟာမစ်အန်ဆာရီ၊ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် အစိုးရအဖွဲ့ဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

မစ္စတာမူခါဂျီးသည် ပါလီမန်လွှတ်တော်သို့ ကျမ်းသစ္စာကျိန်ဆိုရန် သွားရောက်ရာတွင် ကျည်ကာအင်္ကျီကိုဝတ်ဆင်ကာ လုံခြုံရေးအစောင့်ယာဉ်တန်းခြံရံလျက်သွားရောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် ကျမ်းသစ္စာကျိန်ဆိုကြောင်း တရားသူကြီးချုပ်ရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီးသည်နှင့် ပါလီမန်ခန်းမကြီးအတွင်း လက်များတွေ့ယမ်းလျက်အောင်ပွဲခံခဲ့သည်။ ထိုအချိန်တွင် ၎င်းအား လုံခြုံရေးတပ်ဖွဲ့က သေနတ် ၂၁ ချက်ပစ်ဖောက်၍ ဂုဏ်ပြုခဲ့ကြသည်။ မစ္စတာမူခါဂျီးသည် သူ၏ဘဝသက်တမ်းတစ်လျှောက် နိုင်ငံခြားရေး၊ ပြည်ထဲရေး၊ ကာကွယ်ရေးနှင့် ကုန်သွယ်ရေးအပါအဝင် အစိုးရထိပ်သီးဝန်ကြီးနေရာများတွင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

# ဂရင်းလန်းရေခဲပြင်ကြီး မကြုံစဖူးအရည်ပျော်ကျ

နာဆာ ဇူလိုင် ၂၅

**ဂရင်းလန်းရေခဲပြင်ကြီးမှ ကြီးမားလှသော ရေခဲပြင်ကြီးတစ်ခုသည် ယခုလတွင် ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ကို ကျော်လွန်ပြီး အရည်ပျော်ကျသွားပြီဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။**

နာဆာဂြိုဟ်တုမှ ဆယ်စုနှစ်သုံးခုကြာ ဂရင်းလန်းရေခဲပြင်ကြီး အရည်ပျော်ကျမှုကို လေ့လာစောင့်ကြည့်ခဲ့ရာ ယခုလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေခဲပြင် အရည်ပျော်မှုသည် မကြုံစဖူး ကြီးမားသည့် အရည်ပျော်ကျခြင်းပင်ဖြစ်ကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

ဂရင်းလန်းရေခဲပြင်၏ အအေးဆုံး၊ အမြင့်ဆုံးနေရာ၌ပင် ရေခဲများ အရည်ပျော်ကျနေသည်ကို တွေ့ရကြောင်း၊ လျင်မြန်စွာအရည်ပျော်ကျသော နေရာသည် ဇူလိုင် ၈ ရက်တွင် ၄၀ ရာခိုင်နှုန်း အရည်ပျော်လျက်ရှိခဲ့ရာမှ လေးရက်အကြာတွင် ၉၇ ရာခိုင်နှုန်းအထိ အရည်ပျော်ကျသည့်နေရာ ကျယ်ပြန့်လာခဲ့ကြောင်း နာဆာသိပ္ပံပညာရှင်များက ဆိုသည်။

ဂရင်းလန်းရေခဲပြင်၏ ထက်ဝက်ခန့်သည် ပုံမှန်အရည်ပျော်လျက်ရှိရာမှ ယခုနှစ်နွေရာသီများအတွင်း အရည်ပျော်မှုသည် လွန်ကဲလာသည်ကို တွေ့ရသည်ဟုဆိုသည်။ ယခုနှစ်သည် ဂရင်းလန်းရေခဲပြင် အရည်ပျော်ကျမှု ထူးခြားသည့် နှစ်တစ်နှစ်ဖြစ်ခြင်းကြောင့် နာဆာသိပ္ပံပညာရှင်များအတွက် တအံ့တဩဖြစ်စေခဲ့သည်။

မကြာမီက မန်ဟက်တန်မြို့ နှစ်ဆအရွယ်ရှိ ဂရင်းလန်းရေခဲပြင်ကြီးမှ ရေခဲပြင်ကြီး ပဲ့ထွက်ခဲ့ကြောင်း သတင်းထွက်ပေါ်ခဲ့ပြီး ရက်ပိုင်းအကြာတွင် ယခုကဲ့သို့ နာဆာက ဂရင်းလန်းရေခဲပြင်ကြီး အရည်ပျော်ကျမှု မြန်ဆန်လာကြောင်း သတင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



ရေခဲမြစ်အရည်မပျော်မီပုံ။



ရေခဲမြစ်အရည်ပျော်ပြီးပုံ။

# ဘိုလီးဗီးယားသိပ္ပံပညာရှင်များ တရုတ်သို့စေလွှတ်မည်

လာပက်ဇ် ဇူလိုင် ၂၅

နိုင်ငံအတွင်း ယခုနှစ်တွင် လွှတ်တင်မည့် ဂြိုဟ်တုတစ်လုံးတည်ဆောက်နေမှုနှင့် ကြိုတင်ပြင်ဆင်နေမှုများကို လေ့လာလေ့ကျင့်ရန်အတွက် ဘိုလီးဗီးယားနိုင်ငံမှ အာကာသသိပ္ပံပညာရှင်များ တရုတ်နိုင်ငံသို့ စေလွှတ်မည်ဖြစ်ကြောင်း ဇူလိုင် ၂၅ ရက်က သတင်းထုတ်ပြန်သည်။

ဘိုလီးဗီးယားအာကာသအေဂျင်စီက အဆိုပါခရီးစဉ်ကို စေလွှတ်မည့်သိပ္ပံပညာရှင် ၇၄ ဦးကို ရွေးချယ်မည်ဖြစ်ကြောင်း၊ အဆိုပါသိပ္ပံပညာရှင်များသည် ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ကွန်ပျူတာသိပ္ပံ၊ အီလက်ထရွန်နစ်နှင့် စက်မှုအင်ဂျင်နီယာများဖြစ်ကြသည်။

၎င်းပညာရှင်များသည် အသက် ၃၀ မှ ၅၀ နှစ်အရွယ်များဖြစ်သည့် သိပ္ပံပညာရှင်နှင့် အင်ဂျင်နီယာများဖြစ်ကြသည်။ ၎င်းတို့ကို ဇူလိုင် ၂၅ ရက်မှစတင်ကာ ဘိုလီးဗီးယားအာကာသအေဂျင်စီ(အေဘီအီး)၏ ဝက်ဆိုက်တွင် လျှောက်လွှာများ စတင်လျှောက်ထားနိုင်ပြီဖြစ်သည်။

လျှောက်ထားသူများအတွက် အဓိကလိုအပ်သည့် အရည်အချင်းတစ်ရပ်မှာ အင်္ဂလိပ်စကားပြောကျွမ်းကျင်ရမည်ဖြစ်သည်။ လေ့လာရမည့်အကြောင်းအရာများမှာ အင်္ဂလိပ်ဘာသာဖြင့်သာ ပြောဆိုရေးသားကြရမည်ဖြစ်သောကြောင့်ဖြစ်သည်။

အုပ်စုသုံးစု ခွဲပြီး စေလွှတ်မည်ဖြစ်ရာ ကာလမှာ လာမည့်အောက်တိုဘာမှ ၂၀၁၃ ခုနှစ်အတွင်းအထိဖြစ်ပြီး ဂြိုဟ်တုပုံစံများလေ့လာခြင်းနှင့် လွှတ်တင်ခြင်းတို့အပြင် အခြားအာကာသရေးရာများကို လေ့လာလေ့ကျင့်ရမည်ဖြစ်သည်။ **(အင်တာနက်)**

## နိုင်ငံတကာသတင်းအတိုအထွာ ၂၅-၇-၂၀၁၂

တင်မောင်လွင်(မြန်မာ့အလင်း) - စုစည်းသည်



### ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးလေယာဉ် စံချိန်တင်ခရီးပျံသန်းပြီး လေဆိပ်သို့ ပြန်လည်ရောက်ရှိ

*ကမ္ဘာ့အကြီးဆုံး နေစွမ်းအင်သုံးလေယာဉ်ကြီးသည် လောင်စာဆီ လုံးဝမသုံးဘဲ ဥရောပနှင့် အာဖရိကနိုင်ငံအကြား ခရီးရှည်ပျံသန်းမှုကို အောင်မြင်ပြီးမြောက်ခဲ့ပြီးနောက် ဆွစ်ဇာလန်နိုင်ငံ ပေယာနီရှိ ၎င်း၏လေဆိပ်သို့ ဇူလိုင် ၂၄ ရက်က ပြန်လည်ဆင်းသက်ခဲ့ပြီဖြစ်သည်။* ***(အပေါ်ပုံ)***

*အဆိုပါ နေစွမ်းအင်သုံးလေယာဉ်သည် စုစုပေါင်း ကီလိုမီတာ ၆၀၀၀ ရှိသည့် မကြုံဖူးသေးသော ခရီးစဉ်ကို ပြင်သစ်နိုင်ငံတောင်ပိုင်း တူးလောက်ဖရန်ကာဇယ်လေဆိပ်မှ ဇူလိုင် ၂၄ ရက် နံနက်က စတင်ပျံသန်းခဲ့ပြီး ယင်းနေ့ ဂရင်းနစ်စံတော်ချိန် ၁၈ နာရီခွဲတွင် ဆွစ်ဇာလန်နိုင်ငံ ပေယာနီလေဆိပ်သို့ ပြန်လည်ဆင်းသက်ခဲ့သည်။ လေယာဉ်မှူး ဘတ်ရန့်ပစ်ကတ်ဦးဆောင်သော ယင်းလေယာဉ်သည် အမြင့်ခန့်မှန်းခြေ မီတာ ၃၀၀၀ ရှိသည့် ပြင်သစ်တောင်ထုအလယ်မှ ကျော်တက်မောင်းနှင်လာခြင်းဖြစ်သည်။ အဆိုပါ တောင်ထုများအား ဖြတ်ကျော်ခဲ့ပြီးနောက် လိုင်ယွန်အနောက်ပိုင်းရှိ ဂိုအန်နီ၊ မာကွန်နှင့် ပွန်တာလီယာဒေသတို့သို့ ဦးတည် ပျံသန်းခဲ့သည်။ ယင်းနောက် ဖရန်ကို-ဆွစ်ဇာလန်နယ်စပ်သို့ ဖြတ်သန်းမောင်းနှင်လာခဲ့ခြင်းဖြစ်သည်။ အဆိုပါ နေစွမ်းအင်သုံးလေယာဉ်သည် ဆွစ်ဇာလန်နှင့် ပြင်သစ်နယ်စပ် ဂျူရာတောင်တန်းဒေသကို ကျော်ဖြတ်ပြီးနောက် လေဆိပ်သို့ လုံခြုံဘေးကင်းစွာ ပြန်လည်ဆင်းသက်ခဲ့သည်။*

- - - - - - - - - - - - - - - - - -

### အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် အင်အားပြင်းငလျင်လှုပ်

***အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း မြောက်ဖျားပိုင်းရှိ အာချေးပြည်နယ် စီမီလူကျွန်းတွင် ဇူလိုင် ၂၅ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း ဒေသဆိုင်ရာအရာရှိများက ပြောကြားသည်။ သေဆုံးသူတစ်ဦးမှာ အဆောက်အအုံအပျက်အစီးများအောက် ရောက်ရှိခဲ့ပြီးနောက် စီမီလူရှိ အထူးကုဆေးခန်း၌ ဆေးဝါးကုသမှုခံယူစဉ် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု အာချေးပြည်နယ် သဘာဝဘေးအန္တရာယ်စီမံကွပ်ကဲရေးနှင့် လျှော့ချရေးမန်နေဂျာ အိုင်စကန်ဒါက ဘန်ဒါအာချေးမြို့မှ ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့် ပြောကြားခဲ့သည်။ ငလျင်စတင်လှုပ်ချိန်တွင် အာချေးပြည်နယ်ရှိ နေရာဒေသအချို့နှင့် ကျွန်းပေါ်နေဒေသခံအများအပြား တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။ အဆိုပါငလျင်သည် ယင်းနေ့ ဂျကာတာစံတော်ချိန် နံနက် ၇ နာရီ ၂၇ မိနစ်က စီမီလူကျွန်း အနောက်တောင်ဘက် ၂၄ ကီလိုမီတာနှင့်မြေအောက် ၁၀ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသနှင့်ဘူမိဗေဒဌာနမှ ပြောကြားသည်။ ဆူနာမီဖြစ်ပေါ်ခြင်း မရှိဟု ဆိုသည်။ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလက အာချေးဒေသတွင် ဆူနာမီဖြစ်ပေါ်မှုကြောင့်အဆောက်အအုံများစွာ ပျက်စီးပြီး လူ ၁၇၀၀၀၀ ကျော် သေဆုံးခဲ့သည်။***

*(အင်တာနက်)*

# တာလီဘန်ပုံးထောင်တိုက်ခိုက်မှု ကလေးခုနစ်ဦးသေဆုံး

ချိုက်ချီရန် ဇူလိုင် ၂၅

အာဖဂန်နစ္စတန်နိုင်ငံအနောက်ပိုင်း ဂေါပြည်နယ်အတွင်း ဇူလိုင် ၂၄ ရက်က ဗုံးပေါက်ကွဲမှုကြောင့် အာဖဂန်နစ္စတန်ကလေးခုနစ်ဦး သေဆုံးကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂေါပြည်နယ် တိုင်ဝါရာခရိုင်တွင် အပြစ်မဲ့ကလေးငယ်ခုနစ်ဦးတို့သည် ဇူလိုင် ၂၄ ရက်က သူတို့၏ အိမ်မွေးတိရစ္ဆာန်များကို ‌ေစောင့်ကြည့်ရှုစဉ် အကြမ်းဖက်သမားများထောင်ထားသည့် အင်အားပြင်းဗုံးတစ်လုံးကို ကလေးတစ်ဦးက တက်နင်းမိရာမှ ဗုံးပေါက်ကွဲပြီးနောက် ကလေးငယ်အားလုံး ပွဲချင်းပြီးသေဆုံးကုန်ကြောင်း ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဟာခါတီဘီက ပြောကြားသည်။

**ပြောကြား**

ထိုဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကိုရည်ရွယ်ကာ တာလီဘန်လက်နက်ကိုင်များက ဗုံးထောင်ခြင်းဖြစ်ကြောင်း အဗ္ဗဒူဟာခါတီဘီက ထပ်မံပြောကြားသည်။ **(အင်တာနက်)**

# ဗြိတိန်ရှိ မြန်နှုန်းမြင့်ရထားလမ်းများ ကွန်ရက်စီမံကိန်း ဂျပန်ဟီတာချီကုမ္ပဏီကြီးနှင့် သဘောတူညီမှုရရှိ

တိုကျို ဇူလိုင် ၂၅

ဂျပန်ဟီတာချီကုမ္ပဏီက ဗြိတိန်နိုင်ငံမြို့များရှိ မြန်နှုန်းမြင့်ရထားလမ်းကွန်ရက် စီမံကိန်းအတွက် ပေါင် ၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ လူစီးရထားတွဲပေါင်း ၅၉၆ တွဲထောက်ပံ့ပေးပို့ရန် သဘောတူညီမှုရရှိကြောင်း ကုမ္ပဏီနှင့် ဗြိတိန်အစိုးရတို့က ဇူလိုင် ၂၅ ရက်တွင် ပြောကြားသည်။

အဆိုပါ စီမံကိန်းကို ဟီတာချီကုမ္ပဏီကြီးသည် ဗြိတိန်ရှိ စီးပွားဖက် ဂျွန်လင်းကုမ္ပဏီနှင့်အတူ ၂၀၀၉ ခုနှစ်အတွင်းက လက်ခံရရှိထားခြင်းဖြစ်သော်လည်း ဗြိတိန်နိုင်ငံအစိုးရအပြောင်းအလဲကြား စေ့စပ်ဆွေးနွေးမှုများ နှောင့်နှေးကြန့်ကြာခဲ့ရခြင်းဖြစ်သည်။

ဗြိတိန်ရထားလမ်းများတွင် အသုံးပြုနေသော ဟောင်းနွမ်းနေသည့် ရထားများတွင် အစားထိုးရန် ရထား ၉၂ စင်းကိုလည်း ပူးတွဲကုမ္ပဏီနှစ်ခုက ဖြည့်ဆည်းပေးရမည်ဟုဆိုသည်။ ယခုစီမံကိန်းတွင် ဟီတာချီကုမ္ပဏီက ရင်းနှီးမြှုပ်နှံငွေ ၇၀ ရာခိုင်နှုန်းနှင့် ဂျွန်လင်းကုမ္ပဏီက ၃၀ ရာခိုင်နှုန်းထည့်ဝင်ကာ အကျိုးတူပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ **(အင်တာနက်)**

# အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် အာဖဂန်အရပ်သားနှစ်ဦးသေဆုံး

ကဘူးလ် ဇူလိုင် ၂၅

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နူရစ်စတန်ပြည်နယ်တွင် ဇူလိုင် ၂၄ ရက်က အမေရိကန်မောင်းသူမဲ့လေယာဉ်၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်တွင် နှစ်ဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အမေရိကန်မောင်းသူမဲ့လေယာဉ်သည် ဝမ့်ဝေဂါခရိုင်အတွင်း ခရီးသည်တင်ကားတစ်စီးကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း နူရစ်စတန်ပြည်နယ်အုပ်ချုပ်ရေးမှူး တာမင်နူရစ်စတန်နီက ပြောကြားသည်။

သေဆုံးသူ အရပ်သားနှစ်ဦးမှာ မိန်းကလေးတစ်ဦးနှင့် ပညာရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦးတို့ဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး တာမင်က ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင် ၁၃၀၀၀၀ ရှိသည့်ကြားမှပင် နိုင်ငံအတွင်းလုံခြုံမှုမရှိကြောင်း သတင်းတွင် ဖော်ပြထားသည်။ **(အင်တာနက်)**



# ကမ္ဘောဒီးယားနိုင်ငံတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ကူးတို့ရေယာဉ်တိမ်းမှောက်၊ သုံးဦးသေဆုံး

ဖနောင်ပင် ဇူလိုင် ၂၄

ကမ္ဘောဒီးယားနိုင်ငံ ပူဆက်ပြည်နယ်တွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် ကူးတို့ရေယာဉ်တစ်စင်း တိမ်းမှောက်ပြီး အသက်သုံးနှစ်နှင့် ငါးနှစ်အရွယ် ကလေးသုံးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အရာရှိတစ်ဦးက ဇူလိုင် ၂၅ ရက်တွင် အတည်ပြုပြောကြားသည်။

အဆိုပါကူးတို့ယာဉ်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့အနောက်ဘက် ကီလိုမီတာ ၁၇၀ ခန့်အကွာ ပူဆက်ပြည်နယ် ဘာကန်ခရိုင်ရှိ တုန်လီဆက်ရေကန်အတွင်း ဇူလိုင် ၂၄ ရက် မွန်းလွဲပိုင်းက မုန်တိုင်းတိုက်ခတ်မှုကြောင့် တိမ်းမှောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည်။ **(ဝဲပုံ)**

အဆိုပါသေဆုံးသူ ကလေးငယ်သုံးဦးသည် တုန်လီဆက်ရေကန်အတွင်း မိဘများငါးဖမ်းရာနောက်သို့ လိုက်သွားခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းကူးတို့ရေယာဉ်ပေါ်တွင် ခုနစ်ဦးလိုက်ပါလာကြောင်း၊ လူလတ်ပိုင်းအရွယ် လေးဦးကို အချိန်မီကယ်ဆယ်လိုက်ရကြောင်း ပူဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ခိုဝိုင်ဆိုခါက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည် အပူပိုင်းမုန်တိုင်းဒဏ်ကို ပြင်းထန်စွာ ကြုံတွေ့ခံစားနေရသည်။ ရေအရင်းအမြစ်နှင့် မိုးလေဝသဝန်ကြီးဌာနမှ မဲခေါင်မြစ်ဝှမ်းတစ်လျှောက်နေထိုင်သူများနှင့် ငါးဖမ်းသမားများကို သတိဝီရိယရှိကြရန် တိုက်တွန်း လှုံ့ဆော်ထားသည်။ **(အင်တာနက်)**

# SKY NET ရုပ်သံလိုင်း၏ London Olympic 2012 တိုက်ရိုက်ထုတ်လွှင့်မှုအထူးအစီအစဉ်






ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျား...

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင်ကျင်းပပြုလုပ်မည့် London Olympic 2012

နွေရာသီအိုလံပစ် ပွဲစဉ်တစ်ခုလုံးကို ၂၀၁၂ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်နေ့မှ စတင်ကာ

ဇူလိုင်လ(၂၇)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ဖွင့်ပွဲ အခမ်းအနားအပါအဝင်ယှဉ်

ပြိုင်မည့် အားကစားနည်း အားလုံး၏ ပွဲစဉ်အားလုံးကို ESPN နှင့် SKY NET

ရုပ်သံလိုင်း တို့ပူးပေါင်း၍ ရုပ်သံလိုင်း(၁၀)လိုင်းမှ တစ်ပြိုင်တည်း

တိုက်ရိုက် (Live)ထုတ်လွှင့် ပြသသွားမည် ဖြစ်ပါကြောင်း

ရိုသေလေးစားစွာဖြင့် ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

# ဧွေးနေ့မင်္ဂလာဆုတောင်းလွှာ

နိုင်ဂရု(ပ်)ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်၊ အမှုဆောင်နာယက ဦးကျော်နိုင်ဦး ၏
(၂၆. ၇. ၂၀၁၂)ရက်နေ့တွင် ကျရောက်သောမွေးနေ့မင်္ဂလာရက်မြတ်မှသည်
နောင်နှစ်ပေါင်းများစွာတိုင်အောင် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော ချမ်းသာခြင်းနှင့်ပြည့်စုံပြီး
ချစ်သောမိသားစု၊ ချစ်သောဝန်ထမ်းများ၏ ကောင်းကျိုးအဖြာဖြာတို့အား ဦးဆောင်လမ်းညွှန်မှုပေးကာ
ပျော်ရွှင်ချမ်းမြေ့သောဘဝကို လျှောက်လှမ်းနိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

NAING Group Construction Co., Ltd.ဝန်ထမ်းများ
Champion Construction Co., Ltd. ဝန်ထမ်းများ
Myanmar New Generation Design Co., Ltd. ဝန်ထမ်းများ
Champion Construction Materials Co., Ltd. ဝန်ထမ်းများ
NAING Family Co., Ltd. (Cherry Oo)ဝန်ထမ်းများ
Geo-Tech Pile Co., Ltd.ဝန်ထမ်းများ
Lucky $O_2$ Oxygen & Argon Gas Plant Co., Ltd.ဝန်ထမ်းများ
Lucky Concrete Precast Products Manufacturing Co. Ltd. ဝန်ထမ်းများ


**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးစိုးဝင်း၏ သမီးဖြစ်သူ ကျွန်မ ဒေါ်နီလာ ၁၂/ဥကတ(နိုင်)၀၃၁၈၉၀ သည် ဒေါ်ခင်နီလာနှင့် တစ်ဦးတည်း ဖြစ်ပါကြောင်း။



**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဟန်လင်းစိုး ၁၀/ မလမ(နိုင်)၁၇၇၃၃၄ ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် စ၈၃၉၃၁သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၀၇၄၆၁၈

**ကျေးဇူးဆပ်ပါမည်**

ဦးကျော်စိုးလင်း ၈/ရစက(နိုင်) ၁၄၁၀၈၅ ၏ နိုင်ငံကူးလက်မှတ် နံပါတ် ၉၅၃၇၄၀သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၂၉၁၇၉၃







**မသီရိမွန်(ဘ)ဦးအင်သိန်း ၆/မအရ(နိုင်)၁၀၈၄၀၇နှင့် မိသားစု သိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း၊ ၇ လမ်း၊ အမှတ် ၃၁၊ လေးလွှာ-B (ယခင်နေရပ်လိပ်စာ)(ယခု ထားဝယ်/မြိတ်မြို့၊ လိပ်စာအတိအကျမသိ)နေ မသီရိမွန်သည် ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ ဒေါ်တင်တင်အုန်းက ၁၀-၄-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၃ပါ အသိပေးကြေညာထားသော ငွေကြေးနှင့်ပတ်သက်၍ ၂၂-၆-၂၀၁၂ ရက်က ငွေအချို့ကိုဘဏ်ငွေလွှဲဖြင့် ပေးဆပ်ခဲ့သော်လည်း ကျန်ငွေကို ယနေ့အထိမပေးဆပ်သေးပါ။ လူကြီးမင်းက ဆောင်ရွက်ပေးနိုင်ပါလျက် မဆောင်ရွက်ခြင်းအပေါ် ကျွန်ုပ်၏ အမှုသည်ကလည်း သည်းခံနိုင်သော အတိုင်းအတာကုန်ဆုံးနေပြီဖြစ်ပါ၍ မကြာမီအချိန်အတွင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်လေးမောင်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၁၈၄)
အမှတ် ၈၊ သုံးလွှာ(ခ)၊ ၄၀လမ်း၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊
အလုံမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၇၃၆၆၊ ၀၉-၅၀၇၇၅၉၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော် နိုင်လင်းမိုး၏ နိုင်ငံကူးလက်မှတ် နံပါတ် ၄၄၈၂၂၅ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၈၆၅၀၇၁

**ဖခင်အမည်မှန်**

ဖားကန့်မြို့ အထက သတ္တမတန်း (C)မှ မဆိုင်းမိုင်၏ ဖခင်အမည်မှန်မှာ ဦးဂမ်ဂျာနော် ၁/မကန(နိုင်)၁၅၅၁၀၀ ဖြစ်ပါကြောင်း။ ဦးဂမ်ဂျာနော်

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ဦးသန်းအောင် ၁၃/တကန (နိုင်)၁၅၆၃၀၈ ကိုင်ဆောင်သော ခရီးသွားပတ်စ်ပို့သည် ၂၀၁၂ ခုနှစ် ဇူလိုင်လ အတွင်း ပျောက်ဆုံးသွားပါသဖြင့် ဆက်သွယ်ပေးပါရန်။ ဖုန်း-၀၉-၅၀၀၇၆၅၄










**အမည်ပြောင်း**

ဦးသောင်းဝင်း-ဒေါ်အုံးတင်တို့၏ သမီး မဇင်မာဝင်းအား မဇာခြည်ဝင်း ဟု ပြောင်းလဲခေါ်ပါရန်။

မဇာခြည်ဝင်း
၇/ပခန(နိုင်)၂၉၈၉၃၆

**ပျောက်ဆုံးကြောင်း**

ကျွန်တော် သိန်းဆန်းဦး ၃/ဘအန (နိုင်)၁၃၅၄၂၁၏ နိုင်ငံကူးလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၄၅၀၀၁၃၁၈၆



ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့

နောက်ဆုံးအဆင့် ရွေးချယ်ထားသော သရုပ်ဆောင်များစာရင်းအား အသိပေးကြေညာခြင်း

**ဗိုလ်ချုပ်အောင်ဆန်းဇာတ်ရုပ်**အတွက်

**ဒေါ်ခင်ကြည်ဇာတ်ရုပ်**အတွက်

ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့

email: bogyokeaungsanmovie@gmail.com



မွေးနေ့ဝမ်းသာဆုတောင်းလွှာ

ချစ်သမီး * ခင်ခင်စိုး



ဆရာအာသာ SUCCESS LANGUAGE ACADEMY ☎ 202046, 256954, 0949249463

Y.W.C.A. ဗဟန်း, ဗိုလ်တထောင်

| Basic English Speaking | | | | Vocab Enrichment | | | | IELTS Four Skills | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| 1 - 2:30 | Mon-Thur | 30 | July | 6 - 7:30 | Mon-Thur | 23 | July | 1 - 2:30 | Mon-Thur | 30 | July |
| 3 - 4:30 | Sat + Sun | 4 | Aug | 3 - 4:30 | Sat + Sun | 4 | Aug | IELTS Speaking - Vocab | | | |
| 7:30-10:30 | Sat + Sun | 18 | Aug | 7:30-10:30 | Sat + Sun | 18 | Aug | 7:30-9:30 | Sat-Sun | 11 | Aug |
| 7:30 - 9 | Mon-Thur | 20 | Aug | 1 - 2:30 | Mon-Thur | 20 | Aug | | | | |
| Four Skills English (Basic) | | | | Basic Grammar | | | | IELTS Reading - Vocab | | | |
| 7:30-10:30 | Sat + Sun | 28 | July | 10 - 11:30 | Mon-Thur | 30 | July | 7:30-9:30 | Mon-Thur | 20 | Aug |
| 1 - 2:30 | Mon-Thur | 30 | July | 10 - 12 | Sat + Sun | 18 | Aug | IELTS Writing - Grammar | | | |
| 3 - 4:30 | Sat + Sun | 4,18 | Aug | 1 - 2:30 | Mon-Thur | 20 | Aug | 10 - 12 | Sat + Sun | 25 | Aug |
| 7:30 - 9 | Mon-Thur | 13,20 | Aug | Intermediate Grammar | | | | IELTS Exam Practice | | | |
| 3:30 - 5 | Mon-Thur | 20 | Aug | 10-11:30 | Mon-Thur | 16 | July | 3:30 - 5 | Mon-Thur | 3 | Sep |
| Pre-Intermediate | | | | Basic Writing | | | | | | | |
| 3 - 4:30 | Sat + Sun | 28 | July | 7:30 - 9 | Mon-Thur | 16 | July | | | | |
| 1 - 2:30 | Mon-Thur | 30 | July | 3:30 - 5 | Mon-Thur | 13 | Aug | | | | |
| 3:30 - 5 | Mon-Thur | 20 | Aug | 7:30-9:30 | Sat + Sun | 25 | Aug | | | | |
| INTERMEDIATE (Academic English) | | | | Intermediate Writing | | | | | | | |
| 9:30-12:30 | Sat + Sun | 28 | July | 7:30-9:30 | Sat + Sun | 28 | July | | | | |
| 1 - 2:30 | Mon-Thur | 30 | July | 3 - 5 | Sat + Sun | 18 | Aug | | | | |
| 3 - 6 | Sat + Sun | 25 | Aug | | | | | | | | |

Captain Marlin English 4:30-7:30 (Sat+Sun) July 14 (Certificate)



ပဒေသာစက္ကူပတ္တနှသုတ်

အနုတ္တလက္ခဏာသုတ်



လိပ်ပြာ

100% Cotton

C 120 Switzerland Cotton

Super soul

ဖုန်း- 09-510 5503, 01-565 212



ဆရာဒွေး အင်္ဂလိပ်စာသင်တန်း

Ph: 0951 72096, 0950 47516, 01-375970





FOREVER SPORTS JOURNAL










ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မေအေး (သာယာဝတီ)
### လူမှုထူးချွန် (တတိယဆင့်)
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၁၂/A၊ နတ်မောက်လမ်း၊ ကန်တော်ကြီးနေ(ဦးမောင်မောင်ရွှေ-ဒေါ်ခင်ခင်)တို့၏သမီး၊ ဗိုလ်မှူးချုပ်သောင်းတင်(ငြိမ်း)(ရေ)၏ဇနီး၊ ဗိုလ်မှူးမိုးဟိန်းတင်(ငြိမ်း)-ဒေါ်မြသီတာ၊ ဗိုလ်မှူးမိုးသက်တင်(ငြိမ်း)-ဒေါ်ယုနန္ဒာမြင့်၊ ဦးမိုးကျော်တင်-ဒေါ်ဝင်းမင်းထွန်း၊ ဒေါ်မိုးပပဝင်းတို့၏မိခင်ကြီး၊ မောင်ခန့်ဖွဲ့ဟိန်း(2nd year Singapore Polytechnic)၊ မောင်မင်းအလင်္ကာသက်တင်(Sec IV, ILBC)၊ မမြမျက်သွယ်ဟိန်းတို့၏ဘွားဘွားသည် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၄း၂၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၂ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးကြီးမျိုးဝင်း (ငြိမ်း)
### ကြည်း-၁၄၅၆၉၊ တေဇ(၅)၊ (လောဝိတ)၊ ဌာနချုပ်မှူး
### မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုဌာနချုပ်
### အသက်(၅၅)နှစ်

ပြည်မြို့၊ နဝင်းကွက်သစ်နေ ဦးခင်မောင်လေး-ဒေါ်သန်းမြင့်တို့၏သား၊ ကျောက်ကြီးမြို့နေ(ဦးအုန်းရှောင်-ဒေါ်မြရင်)တို့၏သားသမက်၊ ဒုတိယဗိုလ်မှူးကြီး စိုးဝင်း(ငြိမ်း)-ဒေါ်စန်းစန်းခိုင်၏ညီ၊ ဦးဝင်းနိုင်(ညွှန်မှူး၊ ဆ/မ)-ဒေါ်မိမိခိုင်၊ ဦးဝင်းထူး-ဒေါ်နီနီသိန်း(ပြည်မြို့)တို့၏အစ်ကို၊ အမှတ် ၁၉၄၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်နေ ဒေါ်ညွန့်လှိုင်မွေး၏ခင်ပွန်း၊ ဒေါက်တာသက်ပိုင်မျိုးဝင်း-ဒေါက်တာနီလာဇော်၊ ဒေါက်တာဖူးပွင့်မျိုးဝင်းတို့၏ဖခင်သည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့) ညနေ ၃း၁၅နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောသီခို(တောင်ငူ) (ဒုရဲအုပ်၊ စခန်းမှူး၊ ငြိမ်း)၊ အပတ်စဉ်(၁၅)
### အသက်(၆၀)

တောင်ငူမြို့၊ ရပ်ကွက်(၂၀)၊ ကျုံးရိုးတန်း၊ အမှတ် ၁၃၂နေ (ဦးစောဟဲရစ်-ဒေါ်လုရီ)တို့၏သား၊ မိတ္ထီလာမြို့နေ (ဦးဖေတင်-ဒေါ်မြမြအေး)တို့၏သားသမက်၊ ဦးစောဂရေဟမ်-ဒေါ်နော်မူးမူး၊ ဒေါ်နော်ထူးထူး၊ (ဦးစောဒီးရှီ)-ဒေါ်နော်လူးလူးတို့၏မောင်၊ ဦးမြင့်ဆွေ-ဒေါ်နော်မီမီ၊ ဦးစောသာခလီ-ဒေါ်နော်ကပေါ်ရီး၊ ဦးငွေကျော်-ဒေါ်နော်ဘီဘေး၊ (စောထူးစော)တို့၏အစ်ကို၊ ဒေါ်အောင်အောင်ကြည်၏ခင်ပွန်း၊ မစန္ဒီခို၊ မောင်ရမ်မီခိုတို့၏ဖခင်သည် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈း၂၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့)နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ တောင်ငူမြို့ ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးသိန်းထူး(ခ)ဦးအန်းတူး(ခ)ဦးစီဟို
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ အမှတ် ၉၀နေ (ဦးသိန်းဦး)-ဒေါ်ကျင်စိန်တို့၏သားကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝတ် ၃လမ်း၊ အမှတ် ဈ/၂၂၁နေ ဦးစံဖေ-ဒေါ်ခင်သန်းတို့၏သားသမက်၊ ဒေါ်မြမြ-ဦးမြသိန်း၊ ဒေါ်အုန်းကျင်၊ ဦးခင်မောင်-ဒေါ်စန်းစန်းဝေ၊ ဒေါ်အုန်းခင်-ဦးစန်းမောင်၊ ဒေါ်အုန်းငွေ-ဦးဇော်ဝေအောင်၊ ဒေါ်မီမီထွေးတို့၏အစ်ကို၊ ဒေါ်ငွေခင်(ခ)ဒေါ်အန်းဟုတ်၏ခင်ပွန်း၊ မခင်ဝါဝါဦး-ကိုဝင်းမင်းဦး၊ မောင်ဇော်ဇော်လင်း၊ မောင်လှိုင်မင်းစိုး၊ မောင်စိန်တူးတို့၏ဖခင်၊ တူ၊ တူမ ၂၇ယောက်တို့၏ဘကြီးသည် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက်(သောကြာနေ့)နံနက် ၁၁နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(၁၃လမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးသိန်းထူး(ခ)အန်းတူး(ခ)စီဟို
### အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၃လမ်း၊ အမှတ် ၉၀နေ (ဦးသိန်းဦး)-ဒေါ်ကျင်စိန်တို့၏သား၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ စက္ကဝက်(၃)လမ်း၊ အမှတ် ဈ/၂၂၁နေ ဦးစံဖေ-ဒေါ်ခင်သန်းတို့၏သားသမက်၊ ဒေါ်တင်တင်မြ-(ဦးကောလိုက်)၊ ဒေါ်ခင်စန်းအေး-ဦးလေးမြင့်တို့၏မောင်၊ ဦးစန်းရွှေ-ဒေါ်ကြားလျှံ၊ ဒေါ်ခင်နွဲ့-ဦးဝင်းနိုင်၊ ဒေါ်လှဝင်းတင်-ဦးတင်ဝင်း၊ ဦးစိုးအောင်-ဒေါ်တင်တင်အေး၊ ဦးဇင်ညှုးဥတ္တမတို့၏အစ်ကို၊ ဒေါ်ငွေခင်(ခ)ဒေါ်အန်းဟုတ်၏ခင်ပွန်း၊ မခင်ဝါဝါဦး-ကိုဝင်းမင်းဦး၊ မောင်ဇော်ဇော်လင်း၊ မောင်လှိုင်မင်းစိုး၊ မောင်စိန်ထူးတို့၏ဖခင်၊ တူ၊ တူမ ၂၇ယောက်တို့၏ဘကြီး၊ဦးလေးသည် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၃လမ်းနေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်အောင်သန်း
### အထက(၂)ဗဟန်း (နန်းယန်)ကျောင်းသားဟောင်း
### အသက်(၄၇)နှစ်

ရန်ကုန်မြို့နေ [ဗိုလ်မှူးဖေသန်းမောင်-တပ်မတော်(ရေ)-ဒေါ်ခင်ခင်သန်း]တို့၏သားငယ်၊ ရန်ကုန်မြို့နေ (ဗိုလ်ကြီးအေးခိုင်)-ဒေါ်သိန်းသိန်းခိုင်တို့၏သားသမက်၊ ဒေါ်ခင်လေးသန်း၊ (ဦးခင်အောင်သန်း)-ဒေါ်စန္ဒာညွန့်သူတို့၏မောင်/ညီ၊ ရန်ကုန်မြို့၊ အမှတ် ၄၂(ခ)၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်အေးအေးခိုင်(Total E & P Myanmar)၏ခင်ပွန်းသည် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ကပ္ပတိန်ကျော်လေး(ခ)ကျော်ကျော်အေး
### Master Mariner (F.G)
### Dockendale Ship Management Co., Ltd.
### B.Sc (Zoology) (Hons), Dip in Maritime Law
### အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၄/၃ရပ်ကွက်၊ ချယ်ရီဥယျာဉ်လမ်း၊ ၁၅၁/၁နေ (ဦးစိုးဝင်း)-ဒေါ်မြင့်မြင့်တို့၏သားထွေး၊ ဦးဝင်းကြည်-ဒေါ်စန်းစန်းတို့၏သားသမက်၊ မခင်ဇာဇာလွင်၏ခင်ပွန်း၊ မောင်မင်းရှင်းသန့်၏ဖခင်၊ ဒေါက်တာဝင်းမြင့်ဦး(ပါမောက္ခ၊ ဌာနမှူး၊ မန္တလေးဆေးတက္ကသိုလ်)-ဒေါ်စိုးနီလာ၊ ဦးကျော်အောင်-(ဒေါ်သီတာဦး)၊ ဦးအောင်ဇော်မင်း (CH. Off Wallem Ship Management)-ဒေါ်အေးအေးမြင့်၊ဦးဝင်းဇော်-ဒေါ်အိကေခိုင်၊ဗိုလ်မှူးသိန်းအောင်ထွေး-ဒေါ်ဝင်းဝင်းမော်(ကထိက၊ အင်္ဂလိပ်စာဌာန၊ ပဲခူးတက္ကသိုလ်)တို့၏ညီမောင်သည် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၃း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်သာ
### အသက်(၈၄)နှစ်

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး-ဇနီး ဒေါက်တာခင်မာမာတို့၏ မွေးသဖခင်ဖြစ်သူ ဦးချစ်သာ အသက်(၈၄)နှစ်သည် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်ဝင်းဝင်းနု**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

ဝမ်းနည်းကြေကွဲခြင်း
## ဦးချစ်သာ
### အသက်(၈၄)နှစ်

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး-ဇနီး ဒေါက်တာခင်မာမာတို့၏ မွေးသဖခင်ဖြစ်သူ ဦးချစ်သာ အသက်(၈၄)နှစ်သည် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းတက္ကသိုလ်ဖြစ်မြောက်ရေးကော်မတီ၊ စစ်ကိုင်းမြို့**

## ဒေါ်အုန်းမြ (မန္တလေး) အသက်(၈၀)

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ သရဖီအိမ်ရာ၊ တိုက်အမှတ် ၄၃၅၉၊ အခန်း ၁၂နေ (ဦးဘခင်-ဒေါ်ကံတင်)တို့၏သမီး၊ (ဦးကျော်ဆွေ)၏ဇနီး၊ ဦးတင်ယု-ဒေါ်တင်မြင့်၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းဝေ၊ (ဦးဇော်မြင့်-ဒေါ်ချိုချိုမာ)၊ ဦးခင်ဇော်-ဒေါ်စန်းစန်းဝေ၊ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း(ငြိမ်း)၊ ဦးဇော်ဝင်းနိုင်-ဒေါ်ခင်သီတာဆွေ(လဝကရုံးချုပ်၊ နေပြည်တော်)တို့၏မိခင်၊ မြေး ၁၅ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၂၄-၇-၂၀၁၂ရက် နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံမှ ကွင်းကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၇-၂၀၁၂ရက် နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဝေလွင်(ခ)ဦးတိုးအောင်
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဂုဏ်ရည်အိမ်ရာနေ (ဦးလှစိန်-ဒေါ်အုံးကြင်)တို့၏သား၊ (ဦးရွှေ)-ဒေါ်တင်လှတို့၏သားသမက်၊ ဒေါ်စန်းစန်း၏ခင်ပွန်း၊ ဦးမင်းမင်းဦး-ဒေါ်အေးအေးကြည်(Lecturer, Physics Dept., Monywa Uni)၊ Mr. John H. Giles-ဒေါက်တာနုနုဝေ (Educational Researcher & Consultant)၊ ဦးအောင်တင့်-ဒေါ်တင်တင်မျိုး၊ ဦးစိုးသိန်း-ဒေါ်သန်းအေးတို့၏ဖခင်၊ ကိုအောင်စည်သူ-မခင်သီတာစိုး(Lecturer, Business & Management Center)၊ မဇင်မာလွင်(Teacher, ILBC)၊ မနှင်းထက်ထက်အောင်၊ မောင်မင်းခန့်၊ မောင်ဆန်းထွန်းအောင်၊ မောင်မင်းသန့်ထူးတို့၏အဘိုးသည် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၂း၃၀နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## သိက္ခာတော်ရဆရာတော် စေးဖောလယ်
### သင်းအုပ်ဆရာတော် (ယုဒသဿန်ကရင်နှစ်ခြင်းအသင်းတော်)
### အသက်(၆၄)နှစ်

အမှတ် ၂၉၊ သီဂီ ၂လမ်း၊ ပတ္တမြားမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးမောင်မောင်-ဒေါ်ရီဖေ)တို့၏သား၊ (ဦးစံထွန်းရွှေ-ဒေါ်နီသိုးဖော)တို့၏သားသမက်၊ ဆရာမ နော်လားစေးဖော၏ခင်ပွန်း၊ (စောမင်းမင်းထွန်း)၊ စောသက်နိုင်ထွန်း၊ စောဒီဇင်ဘာ-နော်ဒေစီထွန်း၊ စောသောမတ်ထွန်း၊ စောဒူးနယ်စေးတို့၏ဖခင်၊ နော်စီးယိုဒီး၊ နော်ရှားယိုဒီးတို့၏အဘိုးသည် ၂၄-၇-၂၀၁၂ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၆-၇-၂၀၁၂ရက် နံနက် ၉နာရီတွင် သမိုင်းကရင်နှစ်ခြင်းအသင်းတော်၌ဝတ်ပြုဆုတောင်းပြီး ကရင်နှစ်ခြင်းရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [အောက်မေ့ဖွယ်ရာ ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ကို ၂၉-၇-၂၀၁၂ရက် နံနက် ၁၁နာရီတွင် ယုဒသဿန်(ဂျက်ဆင်)ဘုရားကျောင်း၌ ပြုလုပ်မည်ဖြစ်ပါကြောင်း။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဦးစောသာကောင်း
### အသက်(၇၉)နှစ်

အမှတ် ၈၈၈ A (၁)လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့နေ (ဦးစောဖိုးထူး-ဒေါ်နော်ပရီးဖော)တို့၏သားကြီး၊ (ဆရာတော် မူးလာ-ဆရာမ မရီးနာ)တို့၏သားသမက်၊ဒေါ်နော်မိုင်းရာ၏ခင်ပွန်း၊ (စောထူးလယ်မူး)၊ နော်ဖော်ဝါး၊ နော်မူးနာကောင်း၊ စောဘဲဘလှချန်းတို့၏ဖခင်၊စောအော်မူးဒေးချန်းနော်အယ်မူးဖောချန်းတို့၏အဘိုးသည် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၃၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်ပါသဖြင့် ၂၇-၇-၂၀၁၂ရက် နံနက် ၁၀နာရီတွင် ဖူးသာဖြူခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးကရင်နှစ်ခြင်းသုသာန်သို့ပို့ဆောင်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

## ကိုသန်းလှိုင်
### အသက်(၄၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် ၉၊ အခန်း ၃၄နေ (ဦးတင်လှိုင်)-ဒေါ်သိန်းလှတို့၏သားငယ်၊ ဦးလှစိုး-ဒေါ်ချိုတို့၏သားသမက်၊ ဒေါ်သီတာစိုး၏ခင်ပွန်း၊ မယွန်းဝတီလှိုင်(အထက-၂၊ စမ်းချောင်း၊ ပထမတန်း)၏ဖခင်၊ ဦးလှတင်-ဒေါ်ချိုကြီး၊ ဦးဝင်းလှိုင်-ဒေါ်မော်မော်မြင့်၊ဦးခင်ဇော်-(ဒေါ်ချိုချိုလှိုင်)၊ ဒေါ်အေးအေးလှိုင်၊ ဦးသိန်းလှိုင်တို့၏ညီ/မောင်၊ မောင်ဇော်ဝင်းနိုင်-မဖြူဖြူလှိုင်၊မောင်ရဲမြတ်သော်၊မလင်းလဲ့ဝင်းအိ(အထက-၂၊ ဗဟန်း)၊ မထိုက်ထိုက်ဝင်း၊ မဖွန့်သက်အောင်တို့၏ ဦးလေးသည် ၂၅-၇-၂၀၁၂ရက် နံနက် ၆း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၂ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးမောင်ငွေ (လဝက၊ ငြိမ်း)
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၂၇(ပထပ်)၊ ကျီတော်လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဦးနေဝင်း-ဒေါ်တင်မေဝင်း၊ ဦးတင်မောင်လွင်-ဒေါ်နီနီဝင်း၊ ဦးစိုးမြင့်-ဒေါ်စောယုဝင်း၊ ဦးကျော်ဇင်ထိုက်-ဒေါ်အေးအေးမူ၊ ဦးသန်းစိုးဝင်း-ဒေါ်ခင်မာဝင်း၊ ဦးဇော်နောင်ထွေး၊ ဦးဝေဖြိုးမြင့်-ဒေါ်နန်းနွယ်အောင်တို့၏ဖခင်၊ မောင်ကောင်းစည်သူ၊ မောင်ထက်အောင်လှိုင်တို့၏အဘိုးသည် ၂၅-၇-၂၀၁၂ရက် နံနက် ၈း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက်(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃၁-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးခင်မောင်(ခ)
## ဦးခင်မောင်လေး (ဖျာပုံ)
### အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊အမှတ် ၃၃-A၊ ဘောက်ထော်၊အဝေရာလမ်းနေ(ဦးစံဘ-ဒေါ်စောနု)တို့၏သား၊ဒေါ်တင်ညွန့်၏ခင်ပွန်း၊ ဦးအောင်ကျော်-ဒေါ်အေးသန္တာ၊ ဦးအောင်ကျော်မိုး-ဒေါ်ယဉ်မင်းခိုင်၊ဦးရန်အောင်မင်း-ဒေါ်ဝင့်ဝါငြှေးတို့၏ဖခင်၊မောင်မင်းစစ်မာဏ်၊ မောင်ဟိန်းဘုန်းထက်၊မောင်ဘုန်းသန့်အောင်၊ မောင်ဘုန်းတည်ကြည်တို့၏အဘိုးသည် ၂၄-၇-၂၀၁၂ရက် မွန်းလွဲ ၁၂း၄၀နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် (ကြာသပတေးနေ့) ညနေ ၃ နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးထွန်းဝင်း (မော်လမြိုင်)
### ဘဓရ(ငြိမ်း)၊ ပုံဆွဲအရာထမ်း
### အသက်(၁၀၁)နှစ်

မော်လမြိုင်မြို့နေ (ဦးဘရှင်-ဒေါ်စောရင်)တို့၏သား၊တိုက်အမှတ် ၂၁၁၊ အခန်း ၇၊ ငါးလုံးတန်း၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ (ဒေါ်ခင်ခင်တင့်)၏ခင်ပွန်း၊ ဦးခင်ဝင်း(ဘဓရ၊ နေပြည်တော်)-ဒေါ်စောယုမော်၊ ဦးတင်ဝင်း(ခ)ရှမ်းလေး (ဆောက်လုပ်ရေး) - ဒေါ်ခင်ဆွေညွန့်၊ ဦးကြည်ဝင်း(စက်မှုဝန်ကြီးဌာန၊ နေပြည်တော်) - ဒေါ်သိန်းသိန်းမြ (MFTB)၊ ဦးသောင်းဝင်း - (ဒေါ်ခင်သန်းဝင်း)၊ (ဦးကျော်ဝင်း) - ဒေါ်နီနီစန်းတို့၏ဖခင်၊ မလဲ့လဲ့ဝင်း၊ မောင်သုနိုင်၊ မအောင်မေသင်း၊ မောင်ကျော်နဒီထက်တို့၏အဘိုးသည် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့)ညနေ ၃း၃၀နာရီတွင်နေအိမ်၌ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်ကြည်မြင့်(မုပွန်၊မော်လမြိုင်)
### အသက်(၉၁)နှစ်

မော်လမြိုင်မြို့၊စစ်ကဲကုန်းရပ်၊ အမှတ်(၆) အထကဝင်းနေ (ဦးထွန်းရွှေ-ဒေါ်တင်တင်)တို့၏သမီးကြီး၊ ဦးမြင့်သိန်း-ဒေါ်မြင့်မြင့်စံ၊ ဦးညွန့်လွင်-(ဒေါ်တီ)၊ ဦးမြင့်စိန်-ဒေါ်သန်းသန်းလေးတို့၏အစ်မကြီး၊ (ဦးဘပု)၏ဇနီး၊ (ဦးသန်းထွန်း)-ဒေါ်တိုးတိုးလွင်၊ဦးသန်းထွန်း-(ဒေါ်တင်တင်ဝင်း)၊ဦးသိန်းဇော်-ဒေါ်မြင့်မြင့်ဝင်း၊ ဦးတင်မောင်သိန်း-ဒေါ်ပြုံး၊ ဦးရဲညွန့်-ဒေါ်ရီထွေး၊ ဦးရွှေမန်းမောင်-ဒေါ်စွမ်စွမ်ဝင်းတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၄-၇-၂၀၁၂ရက်(အင်္ဂါနေ့)နံနက် ၄း၁၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင်ပိန္နဲကုန်းအအေးတိုက်မှ ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်စောတင် (မှော်ဘီ၊ မင်းရွာ)
### အသက်(၉၀)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မင်းရွာနေ (ဦးထွန်းလှိုင်-ဒေါ်ငွေအိ)တို့၏သမီး၊ ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ (ဦးထွန်းရွှေ-ဒေါ်မြခင်)တို့၏ချွေးမ၊ (ဦးဖေကြည်၊ ကော့ကရိတ်)၏ဇနီး၊ ဦးဝေလွင်-ဒေါ်အေးအေးမူ၊ ဦးစံထွန်း-ဒေါ်ဝင်းဝင်းမြင့်၊ ဦးမောင်မောင်မြင့်၊ဦးဝင်းလွင်-ဒေါ်နီနီမြ၊ဦးသစ်လင်း-ဒေါ်ကျော့ကျော့ခိုင်တို့၏မိခင်၊ မြေး ၁၁ယောက်၊မြစ်လေးယောက်တို့၏ဘွားဘွားကြီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း (အာတီးယားလမ်း)၊ မြေအမှတ် ၃၁(က)သည် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) ညနေ ၆း၃၀နာရီတွင်ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြကြည် (ပြည်)
### အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၅) ရပ်ကွက်၊ ၁၁လမ်း၊ အမှတ် ၃၁/က နေ(ဦးဟုတ်စိန်)၏ဇနီး၊ ဒေါ်ခင်အေးဆွေ (အထက-၁၊ ဒဂုံ)၊ ဒေါ်ခင်ဆွေပို(ခေတ္တ-စင်ကာပူ)၊ဦးစိုးသိန်း-ဒေါ်သန်းသန်းငွေးတို့၏မိခင်၊ မောင်ဟိန်းထက် (ခေတ္တ-စင်ကာပူ)၏အဘွားသည် ၂၂-၇-၂၀၁၂ရက် (တနင်္ဂနွေနေ့) နံနက် ၈း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၇-၂၀၁၂ရက် (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
## ဒေါ်မြသိန်း(ခ)ဒေါ်တူး
### အသက်(၈၂)နှစ်

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ် ၁၂၊ ဦးစံညွှန့်လမ်းနေ ဦးချန်ကိတ်၏ဇနီး၊ (ဦးခင်မောင်-ဒေါ်အုံး)၊ (ဦးမောင်မောင်-ဒေါ်တင်အေး)တို့၏ညီမ၊ ဦးချန်ဖိုး-(ဒေါ်လှမြင့်)၊ (ဦးသန်းမြင့်)-ဒေါ်မြခင်တို့၏အစ်မသည် ၂၄-၇-၂၀၁၂ရက် မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင်ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက်၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တကုန္ဒဝံသ (ပလက်ဝ)
### (တာမွေ သိမ်ကုန်းကျောင်းတိုက်)
### ပညာလင်္ကာရကျောင်း ပဓာနနာယကဆရာတော်
### သက်တော်(၇၆)နှစ်၊ သိက္ခာတော်(၅၆)ဝါ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ တာမွေ သိမ်ကုန်းကျောင်းတိုက်၊ ပညာလင်္ကာရကျောင်း၏ ဦးစီးပဓာနနာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တကုန္ဒဝံသ ဆရာတော်သည် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၂၇-၇-၂၀၁၂ရက်(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ အန္တိမစျာပနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများအား သိစေရန် အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂နာရီတွင်ထွက်ခွာပါမည်။) တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တစန္ဒောဘာသ
### သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၁၁)ရပ်ကွက်၊ ဆည်မြောင်းလမ်း၊ စိုက်ပျိုးရေးဓမ္မဗိမာန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒောဘာသ အရှင်သူမြတ်သည် (ဒုတိယဝါဆိုလဆန်း ၆ရက်) ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) ညနေ ၆း၂၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စျာပနပူဇော်ပွဲကျင်းပမည့်ရက်အား ထပ်မံကြေညာပါမည်။)

စျာပနကျင်းပရေးကော်မတီ

## ဦးစံကျော့ (မုဒုံ)
### ရဲဝန်ထောက်(ငြိမ်း)
### အသက်(၁၀၀)

ရန်ကုန်မြို့၊ တိုက်၁၀၊ အခန်း ၆၊ အရှေ့ရန်ကင်းနေ(ဦးချစ်ဦး-ဒေါ်အေးညွန့်)တို့၏သား၊ [ဒေါ်ထိပ်တင်မလေး(ခ)ဒေါ်မာဆယ်(လ်)မြင်ကွန်း]၏ခင်ပွန်း၊ (ဦးကျော်မြင့်)-ဒေါ်ခင်ခင်သိန်း၊ ဦးမောင်မောင်၊ (ဦးအောင်မျိုးသန့်)-ဒေါ်ရိုစီစံကျော့၊ ဒေါ်ဥမ္မာစံကျော့၊ ဦးသူရစံကျော့(Green Luck Co., Ltd.)တို့၏ဖခင်၊ ဦးအောင်မိုးကျော်-ဒေါ်နွဲ့နွဲ့စန်း၊ ဦးကျော်ကျော်လတ်(မန်နေဂျာ၊ ကစစ-၁၁၊ ရန်ကုန်)-ဒေါ်အေးအေးမူ၊ ဦးစိုးသင်းအောင်(Total E & P Myanmar)-ဒေါ်အောင်သူဇာ၊ ဦးသန့်ဇင်(ခေတ္တ-စင်ကာပူ)-ဒေါ်မြတ်ချောစု(ခေတ္တ-စင်ကာပူ)၊ (ဒေါက်တာကိုကိုလွင်)-ဒေါက်တာဇင်မာခိုင်(လ/ထ ကထိက၊ ရူပဗေဒဌာန၊စစ်တွေတက္ကသိုလ်)တို့၏အဘိုး၊ မောင်မိုးသော်ဇင်(B.Tech 1st Year, E.C)၊ မစုမြတ်သွယ်၊ မအိချောဇင်(ခေတ္တ-စင်ကာပူ)၊ မမေသွယ်ကျော်တို့၏ဘိုးဘိုးကြီးသည် ၂၃-၇-၂၀၁၂ရက် (တနင်္လာနေ့)ညနေ ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးကျော်မြ (U Kyaw Mra)
### ညွှန်ကြားရေးမှူး(ငြိမ်း)၊ အားကစားဝန်ကြီးဌာန
### မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၊ အထွေထွေအတွင်းရေးမှူး
### အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၅၃၁/ဒီ၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ [သရေစည်သူ အိုင်စီအက် ဦးရွှေမြ၊ အတွင်းဝန်ချုပ်(ငြိမ်း)၊ စီးပွားရေးအကြံပေး(ငြိမ်း)၊ ကုလသမဂ္ဂဌာနချုပ်-ဒေါ်ခင်တင့်]တို့၏ဒုတိယသား၊ [ဒေါက်တာအောင်သိန်း၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ကျန်းမာရေးဦးစီး၊ကျန်းမာရေးဝန်ကြီးဌာန-ဒေါ်စံအေးခိုင်]တို့၏သားသမက်၊ (ဒေါ်စံမေသိန်း)၏ခင်ပွန်း၊ (ဦးအောင်နေမြ)၊ ဦးညီလေးခိုင်-ဒေါ်နေနွယ်မြ (မြန်မာဘရူးဝါရီလီမိတက်)တို့၏ဖခင်၊ မခိုင်ဇင်မြ(Grade-4, ISM)၊ မခိုင်နွယ်မြ(Grade-2, ISM)တို့၏အဘိုးသည် ၂၅-၇-၂၀၁၂ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၁၂ရက်(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဦးတင်အောင်သန်း
### အထက(၂)ဗဟန်း (နန်းယန်)ကျောင်းသားဟောင်း
### အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ အမှတ် ၄၂(ခ)၊ မဥ္ဇူလမ်းသွယ်(၂)၊ ပါရမီရိပ်သာ၊ (၈)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ အထက(၂)ဗဟန်း(နန်းယန်)ကျောင်းသူဟောင်း ဒေါ်အေးအေးခိုင်၏ ချစ်လှစွာသောခင်ပွန်းဖြစ်သူ ဦးတင်အောင်သန်းသည် ၂၄-၇-၂၀၁၂ရက် (အင်္ဂါနေ့) နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ကြေကွဲရပါသည်။

**အထက(၂)ဗဟန်း(နန်းယန်)ကျောင်းသားကျောင်းသူဟောင်းများ**

## ဦးကျော်မြ (U Kyaw Mra)
### ညွှန်ကြားရေးမှူး(ငြိမ်း)
### အားကစားနှင့်ကာယပညာဦးစီးဌာန
### အထွေထွေအတွင်းရေးမှူး(ငြိမ်း)
### မြန်မာအိုလံပစ်ကော်မတီ
### အသက်(၇၅)နှစ်

ယခင်ပြည်ထောင်စုမြန်မာနိုင်ငံတော် အတွင်းဝန်ချုပ်နှင့် Former Special Adviser (Public Administration Division, UN Hdprs, U Shwe Mra-Daw Khin Tint)တို့၏ဒုတိယသားကြီး၊ U Tun Mra- Daw Maibelle Maw တို့၏ညီ၊U Soe Mra-Daw Yin Oung, U Win Mra-Daw Mya Mar Mar Win, U Mg Mg Mra-Daw Tin Tin Khaing, U Paw Myint Oo-Daw Mra Sandy, U Aye Kyaw-Daw Mra Hninzi, Dr. Rai Mra- Dr.Daw Katherine Ba Thike, Dr. Aung Mra, Dr. Zan Mra-Dr.Daw Aye Khin Tu (N.Y) တို့၏အစ်ကိုသည် ၂၅-၇-၂၀၁၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၄၀နာရီတွင် Sakura အထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၇-၇-၂၀၁၂ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

## မသူဇာဝေလင်း (ဒေးဒရဲ)
### အသက်(၂၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ဒေးဒရဲမြို့နယ်၊ ချောင်းဖျားကျေးရွာနေ(ဦးလှအောင်-ဒေါ်ပျော့)၊ လှိုင်သာယာမြို့နယ်နေ(ဦးစိန်မောင်-ဒေါ်ခင်စိုး)တို့၏မြေး၊လှိုင်သာယာမြို့နယ်၊ (၁၄)ရပ်ကွက်၊အမှတ်(၁)မန္တလေးလမ်းမနေ (ဦးငွေဝင်းမြင့်အောင်)-ဒေါ်လှလှဝေတို့၏သမီး၊ကိုသူရဝေလင်း၊ကိုကျော်ခန့်ဝေလင်း-မနှင်းသက်ဝေတို့၏အစ်မ၊ ရန်ကုန်မြို့နေ ဦးမြင့်သိန်း-ဒေါ်မြအေးနွယ်၊ ဦးအောင်သန်းမြင့်(ဥက္ကဋ္ဌ၊ ဒေးဒရဲမြို့နယ်အသင်း၊ရန်ကုန်)-ဒေါ်ခင်ရီ၊ ဦးသိန်းအေး-ဒေါ် အေးမြင့်ကြည်၊ (ဦးမြင့်အောင်)-ဒေါ်မြင့်မြင့်ခင်၊ ဦးဝင်းမြင့်အောင် (အမေ့သားဂုဏ်ရောင် ဆန်စက်၊ ချောင်းဖျားကျေးရွာ၊ ဒေးဒရဲ)-ဒေါ်တင်တင်ဝင်းတို့၏တူမသည် ၂၄-၇-၂၀၁၂ရက် နံနက် ၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၇-၂၀၁၂ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။[အမှတ် ၇၊အဝေရာလမ်း၊(၈)ရပ်ကွက်၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်ရှိ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
R. 488

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ထိုင်းနိုင်ငံရှိ Laem Chabang ဆိပ်ကမ်းနှင့် စက်မှုဇုန်ဖွံ့ဖြိုးမှုဇုန်တို့ကို သွားရောက်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အဖွဲ့ဝင်များလိုက်ပါလျက် ဇူလိုင် ၂၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် **Chonburi** ပြည်နယ်ရှိ **Laem Chabang** ဆိပ်ကမ်းသို့ ရောက်ရှိပြီး **Laem Chabang** ဆိပ်ကမ်းနှင့် စက်မှုဖွံ့ဖြိုးမှုဇုန်တို့ကို သွားရောက်ကြည့်ရှုလေ့လာသည်။ (အောက်ပုံ)





ထိုသို့ လေ့လာရာတွင် နိုင်ငံတော်သမ္မတအား Regional Development & Economic Center-4 အဆောက်အအုံ၌ ထိုင်းနိုင်ငံ စက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့် ရင်းနှီးမြှုပ်နှံမှုအဖွဲ့ဥက္ကဋ္ဌ Mr. Pongsawat Sawasdiwat က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အမျိုးသားစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (National Economic and Social Development Board)မှ Secretary General Mr. Arkhom Termpittayapaisith က ထိုင်းနိုင်ငံ၏

*စာမျက်နှာ ၃ ကော်လံ ၄* ✳

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

## ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စ ရင်လတ်ရှင်နာဝပ်၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန

*စာမျက်နှာ ၄ ကော်လံ ၁* ◆



**ထိုင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)


မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



သုံးရာသီစလုံး ပွင့်နေသည့် သက်တမ်းရာကျော် ခရေပင်ကြီး ၈/၂



ဂရင်းလန်း ရေခဲပြင်ကြီး မကြုံစဖူး အရည်ပျော်ကျ ၈-၁၀


# ကယ်ဆယ်ရေးစခန်းများအတွက် ထောက်ပံ့ပစ္စည်းများ တောင်ကြီးသင်္ဘောဖြင့် စစ်တွေမြို့သို့ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၅

ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းအသီးသီး၌ ရောက်ရှိနေသော ဒေသခံပြည်သူများအား ထောက်ပံ့ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် မြန်မာနိုင်ငံအရပ်ရပ်မှ လှူဒါန်းထားသော ဆေးဝါးပစ္စည်းများ၊ စာရေးကိရိယာများ၊ အဝတ်အထည်များ၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပါဝင်သော ပစ္စည်းမျိုးစုံသည် ဇူလိုင် ၂၃ ရက်တွင် ရန်ကုန်မြို့မှ စစ်တွေမြို့သို့မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း တောင်ကြီးသင်္ဘောဖြင့် ထပ်မံရောက်ရှိသည်။

အဆိုပါရေယာဉ်ပေါ်မှ ထောက်ပံ့ကူညီသည့်ပစ္စည်းများကို ကယ်ဆယ်ရေးစခန်းများသို့ အမြန်ဆုံးရောက်ရှိ ဖြန့်ဖြူးနိုင်ရေးအတွက် နယ်မြေခံ တပ်မတော်သားများ၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတို့က သယ်ချခြင်း ဆောင်ရွက်ပေးကြပြီး တပ်မတော်မော်တော်ယာဉ်များဖြင့် စစ်တွေမြို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သိုလှောင်ရုံသို့ သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် ဇူလိုင် ၂၅**

ယနေ့နံနက် ၇ နာရီ ၀၀ မိနစ် ၃၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင် ၉၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အင်ဒိုနီးရှားနိုင်ငံ၊ Simeulue, Northern Sumatra)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၆ ဒသမ ၂ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**